ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 22 June 2021 ၁၀၄၁၂

# မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ(မော်စကို)ရှိ ရွှေတိဂုံစေတီတော်ပုံတူတော်မြတ်အား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာနှင့် သဒ္ဓမ္မဇောတိက သိမ်တော်မြတ်အား ရေစက်သွန်းချလှူဒါန်းခြင်း မင်္ဂလာအခမ်းအနားများ ကျင်းပ

**နေပြည်တော် ဇွန် ၂၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ(မော်စကို)ရှိ ရွှေတိဂုံစေတီတော်ပုံတူတော်မြတ်အား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် သဒ္ဓမ္မဇောတိက သိမ်တော်မြတ်အား ရေစက်သွန်းချလှူဒါန်းခြင်း မင်္ဂလာအခမ်းအနားများကို ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်ရာ ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ အစ္စရိယ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာ့တပ်မတော်မှ ပညာတော်သင် သင်တန်းသားအရာရှိများ၊ ဗုဒ္ဓဘာသာဝင် ရုရှားနိုင်ငံသားများ တက်ရောက်ကြည်ညိုကြသည်။

**တင်လှူပူဇော်**

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး မင်္ဂလာအချိန်တွင် ကျောင်းထိုင်ဆရာတော်အမှူးပြု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့်ရွှေထီးတော်တို့အား ရွှေတိဂုံစေတီတော်ပုံတူတော်မြတ်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ကြသည်။ ထို့နောက်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ(မော်စကို)ရှိ ရွှေတိဂုံစေတီတော်ပုံတူတော်မြတ် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့အား တင်လှူပူဇော်ပြီးနောက် အမွှေးနံ့သာရည် ပက်ဖျန်းပူဇော်စဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ

ကိုယ်ပြုသည့်ကံ. . .
စာမျက်နှာ » ၆

စီးပွားရေး တည်ငြိမ်မှုနှင့် နိုင်ငံရေး တည်ငြိမ်မှု
စာမျက်နှာ » ၉

ဆရာကြီး ပီမိုးနင်း၏ ဆောင်းပါး
ထက်သန်သော ဆန္ဒ
စာမျက်နှာ » ၂၁

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်အား နေအိမ်တွင်နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ
စာမျက်နှာ » ၁၁

ဂျပန်လူဦးရေ၏ ၁၇ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ် ထိုးနှံပေးပြီးဖြစ်
စာမျက်နှာ » ၁၂

## အငြိမ်းစားမိဘပြည်သူများသို့ အသိပေးပန်ကြားချက်

၁။ အငြိမ်းစားမိဘပြည်သူများအနေဖြင့် မိမိတို့ကိုင်ဆောင်သည့် E-Pension Card အသုံးပြု၍သော်လည်းကောင်း၊ ATM Card အသုံးပြု၍သော်လည်းကောင်း အငြိမ်းစားလစာများ ထုတ်ယူနိုင်ပါကြောင်းနှင့် ယခုအခါ Mobile Internet ဖြင့် ငွေသွင်း၊ ငွေထုတ် ဝန်ဆောင်မှု ပုံမှန်ဆောင်ရွက်နိုင်ပြီဖြစ်၍ Myanmar Mobile Money, MPT Pay, Mytel Pay တို့ကို အသုံးပြု၍လည်း အငြိမ်းစားလစာများ ထုတ်ယူနိုင်ပြီဖြစ်ပါသည်။

၂။ ထို့အပြင် အငြိမ်းစားလစာများထုတ်ယူရာတွင် လစာထုတ်ယူရန် သတ်မှတ်ထားသော ၂၁ ရက်နေ့မှ လကုန်ထိရက်များအပြင် အခြားနှစ်သက်ရာနေ့ရက်များတွင်လည်း ထုတ်ယူနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးပန်ကြားအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

# ကြေးမုံ

## ပြည်တွင်းရေးဝင်ရောက်စွက်ဖက်မှုကို လက်မခံ

မြန်မာနိုင်ငံသည် လွတ်လပ်သောနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အချုပ်အခြာအာဏာပိုင်ဆိုင်သည့်နိုင်ငံဖြစ်သည်။ ကမ္ဘာ့နိုင်ငံများနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲရပ်တည်နေထိုင်လျက်ရှိသည်။ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အခြားနိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုပေ။ မိမိတို့၏ ပြည်တွင်းရေးကို အခြားနိုင်ငံများမှ ဝင်ရောက်စွက်ဖက်လျှင်လည်း လက်ခံခြင်းမရှိပေ။

ဇွန်လ ၁၈ ရက်နေ့က ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ မျက်နှာစုံညီအစည်းအဝေးတွင် လီချင်စတိန်းနိုင်ငံမှ "The Situation in Myanmar" ခေါင်းစဉ်အမည်ရှိသည့် အဆိုမူကြမ်းအပေါ် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက မဲခွဲဆုံးဖြတ်ခဲ့သည်။ မြန်မာနိုင်ငံနှင့်ပတ်သက်သည့်အရေးကိစ္စများအတွက် ဖိအားအမျိုးမျိုးပေးနိုင်မည့်အဆိုမူကြမ်းကို မြန်မာနိုင်ငံနှင့် မိုင်ပေါင်းထောင်ချီဝေးကွာသည့် ဥရောပတိုက်အလယ်ပိုင်းမှ ကုန်းတွင်းပိတ်နိုင်ငံငယ်လေးတစ်နိုင်ငံက အဆိုတင်သွင်းခဲ့သည်။ လီချင်စတိန်းနိုင်ငံသည် မြန်မာနိုင်ငံနှင့်အဆက်အစပ်မရှိသလောက်နည်းပါးပြီး မြန်မာ့နိုင်ငံရေးကို စိတ်ဝင်စားမှုနည်းသောနိုင်ငံဖြစ်သည်။

သို့သော် အပေါင်းပါတစ်စု၏ တွန်းအားပေးမှုဖြင့် ကြားနိုင်ငံငယ်လေးတစ်နိုင်ငံက ကမကထပြု၍ မြန်မာနိုင်ငံအရေးကို အဆိုတင်ခဲ့သည်။ ယင်းအဆိုသည် တစ်ဖက်သတ်ပုံဖော်စွပ်စွဲချက်များနှင့် မှားယွင်းသည့်ယူဆချက်များကို အခြေခံထားသည်။ ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံ၏ဖြစ်စဉ်အပေါ် သေချာရေရာစွာ ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာစိစစ်ခြင်းမရှိဘဲ ပြည်တွင်းမှ ပုဆိန်ရိုးများ၏သွေးထိုးလှုံ့ဆော်ပေးမှုနှင့် အနောက်အင်အားကြီးနိုင်ငံကြီးများ၏အလိုကျ အသုံးချပုံဖော်ခဲ့ကြသည်။ ကမ္ဘာ့စင်မြင့်မျက်နှာစာတွင် မြန်မာနိုင်ငံအပေါ် ကြိမ်ဖန်များစွာ ထပ်တလဲလဲ ဖိအားပေးအရေးယူသည့်လုပ်ရပ်ဖြစ်သည်။

ယနေ့ကမ္ဘာပေါ်တွင် အင်အားကြီးသူက အနိုင်ယူရေးမူဝါဒအရ တရားမျှတမှုသည် ပျောက်ကွယ်သွားခဲ့ပြီဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအပေါ် တရားမျှတမှုမရှိသောအချက်အလက်များဖြင့် ဦးတည်အရေးယူရေး အဆိုဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ယင်းအဆိုတစ်ခုလုံးနှင့် ယင်းအပေါ် ဆွေးနွေးအရေးယူမှုများအား ဇွန်လ ၁၉ ရက်နေ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနက ကန့်ကွက်ပယ်ချခဲ့သည်။ ယင်းသို့ကန့်ကွက်ကြောင်းကို မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂအထွေထွေညီလာခံသဘာပတိတို့ထံ ကန့်ကွက်စာများပေးပို့ခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှစ၍ ရာထူးမှ ထုတ်ပယ်ထားပြီး နိုင်ငံတော်သစ္စာဖောက်မှုဖြင့် တရားစွဲဆိုထားသော ယခင်ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်ဟောင်းက မြန်မာနိုင်ငံအမည်ခံဖြင့် ပါဝင်မိန့်ခွန်းပြောကြားခဲ့ခြင်း၊ ပါဝင်မဲပေးခြင်းတို့သည် အဓိပ္ပာယ်မရှိသောလုပ်ဆောင်မှုဖြစ်သည်။ ၎င်း၏လုပ်ဆောင်မှုသည် မြန်မာနိုင်ငံကိုလည်း ကိုယ်စားမပြု၊ မြန်မာနိုင်ငံကလည်း တရားဝင်အသိအမှတ်မပြုသော လုပ်ဆောင်မှုဖြစ်သည်။ ထို့ကြောင့် အဆိုပါအရေးကို မြန်မာနိုင်ငံက လက်မခံ ပြင်းထန်စွာကန့်ကွက်ပယ်ချရခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် စစ်မှန်သည့်ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ရေးအတွက် စစ်မှန်တရားမျှတသည့်ရွေးကောက်ပွဲကို ပြန်လည်ကျင်းပနိုင်ရန် လုပ်ဆောင်လျက်ရှိသည်။ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် နိုင်ငံတကာအသိုက်အဝန်းများ၏ အပြုသဘောအကြံပြုချက်များကို အလေးထားသော်လည်း အပြုသဘောမဆောင်သည့်ကြိုးပမ်းမှုများ၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုထိခိုက်စေသည့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းအပါအဝင် မည်သည့်အားထုတ်ကြိုးပမ်းမှုကိုမဆို လက်ခံလိမ့်မည်မဟုတ်ပေ။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၏ဖြစ်စဉ်များကို သေချာကျနလေ့လာသုံးသပ်ကြရန် လိုအပ်ပေသည်။ မြန်မာနိုင်ငံအတွင်း မသမာသူများက အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများပြုလုပ်လျက်ရှိပြီး တိုင်းပြည်မတည်မငြိမ်ဖြစ်အောင်ပြုလုပ်လျက်ရှိသဖြင့် လူမှုအသိုက်အဝန်းအမျိုးမျိုးတို့မှပြည်သူများ အခက်အခဲများ၊ စိတ်ဆင်းရဲမှုများကို ကြုံတွေ့နေရသည်။ ထို့ကြောင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ပြည်သူများ ဘေးကင်းလုံခြုံရေး၊ လူမှုစီးပွား အဆင်ပြေစေရေးအတွက် တပ်မတော်၏ ကြိုးပမ်းဆောင်ရွက်နေသည်ကို မျက်ကွယ်ပြု၍ မြန်မာနိုင်ငံ ပိုမိုထိခိုက်ပျက်ပြားစေနိုင်သည့် ဖိအားပေးမှုများကို လုပ်ဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေးကို ထိန်းသိမ်းဆောင်ရွက်ပြီး မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကိုရှေးရှု၍ မည်သည့်ဝင်ရောက်စွက်ဖက်မှုကိုမျှ လက်မခံဘဲ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေးသင်တန်း ဖွင့်လှစ်မည်

**နေပြည်တော် ဇွန် ၂၁**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ကြီးမှူးဖွင့်လှစ်မည့် သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေးသင်တန်းကို ၂၀၂၁ ခုနှစ် ဇူလိုင် ၂၀ ရက်မှ ၃၁ ရက်အထိ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံးအမှတ် (၃၉၂/၃၉၆) ကုန်သည်လမ်း ဗိုလ်တထောင်မြို့နယ်တွင် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းချိန်ကို နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီခွဲအထိ သတ်မှတ်ထားရှိပြီး တက်ရောက်လိုသူများသည် အထက်ပါရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ အီးမေးလ်လိပ်စာ mmpresscouncil@gmail.com သို့ဖြစ်စေ ဇူလိုင် ၅ ရက် နောက်ဆုံးထားပေးပို့ လျှောက်ထားနိုင်ပါကြောင်းနှင့် လျှောက်လွှာပုံစံနှင့် အသေးစိတ်သိရှိလိုသည်များကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ facebook page တွင်လည်းကောင်း၊ ကောင်စီရုံးသို့ ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၉-၄၄၈၀၂၆၃၂၆ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မှော်ဘီမြို့ ဖူးကြီးရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်

**မှော်ဘီ ဇွန် ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ကြီးကြပ်မှုဖြင့် ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်ရေးနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိစေရန် ငါးမျိုးကောင်း မျိုးသန့်များ ရေရှည်တည်တံ့ပြန့်ပွားစေရန်၊ ငါးရိက္ခာများ ရေရှည်စားသုံးနိုင်ရန် ရည်ရွယ်၍ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်ရှိ ဖူးကြီးရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပသည်။



အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးဌာနမှူး ဦးတင်ထွန်း၊ မွေးမြူရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဦး၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးနိုင်၊ ခရိုင်/မြို့နယ် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး၊ လှော်ကား၊ လေးထောင့်ကန် ငါးလုပ်ငန်းစခန်း တာဝန်ခံများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး ဖူးကြီးရေလှောင်တမံ သဘာဝရေပြင်အတွင်းသို့ လှော်ကား၊ လေးထောင့်ကန် ငါးလုပ်ငန်းစခန်းတို့မှ သားဖောက် ထုတ်လုပ်ပေးခဲ့သော နှစ်လက်မအရွယ် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၃၀၀၀၀၀ နှင့် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၃၀၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၆၀၀၀၀၀ အား ငါးမျိုးစိုက်ထည့်ပေးကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၂၂- ၆ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၀၀၀ | ၄၃၄ | ၃,၉၀၆,၀၀၀ |
| MTSH | ၃,၅၅၀ | ၃,၅၅၀ | ၈၀၈ | ၂,၈၆၈,၄၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၂ | ၁၆,၂၀၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၁၂ | ၂၄၀,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၅၅ | ၁၅၄,၀၀၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၈ | ၂၄,၈၀၀ |
| AMATA | ၄,၈၀၀ | ၄,၉၀၀ | ၂၃၇ | ၁,၁၄၇,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### ရွှေဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၂၂

ရန်ကုန်(ရွှေဈေး) ၁၅၅၄၀၀၀

မန္တလေး(ရွှေဈေး) ၁၅၅၂၀၀၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၈၅.၈ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၈၈၅.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၄၅.၀၉ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၀.၁၂၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၈၂.၂၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၃၉၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၈၈.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၇၈.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၄၁.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၉.၈၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန် စာတည်းများ** - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဒေါ်အေးအေးသင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ(မော်စကို)ရှိ ရွှေတိဂုံစေတီတော်ပုံတူတော်မြတ်အား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ အစ္စရိယ အမှူးပြု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်စဉ်။





❂ ရွှေဖုံးမှ

အမွေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကာ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်မှု အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

**ရေစက်သွန်းချလှူဒါန်း**

ယင်းနောက် ရွှေတိဂုံစေတီတော်ပုံတူတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအား ဆက်လက်ပြုလုပ်ပြီး တပ်မတော်အကြီးအကဲများ၊ ရုရှားနိုင်ငံရောက် မြန်မာ့တပ်မတော်မှ သင်တန်းသားအရာရှိများ၊ စေတနာရှင်အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်ပြီးစီးခဲ့သည့် သဒ္ဓမ္မဇောတိက သိမ်တော်မြတ်အား ရေစက်သွန်းချလှူဒါန်းခြင်းအခမ်းအနားကို ဆက်လက်ပြုလုပ်ရာ အခမ်းအနားတက်ရောက်လာကြသူများက ကျောင်းထိုင်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သဒ္ဓမ္မဇောတိက သိမ်တော်မြတ်တည်ဆောက်ခြင်းနှင့် သာသနာပြုလုပ်ငန်းများအတွက် အလှူငွေများ၊ သာသနာပြုမော်တော်ယာဉ်နှင့် လှူဖွယ်ပစ္စည်းများအား ကျောင်းထိုင်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များက သံဃာတော်အရှင်သူမြတ်များထံသို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ကျောင်းထိုင်ဆရာတော် ထံမှ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

အဆိုပါ မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ(မော်စကို)သည် မော်စကိုမြို့လယ်၏ အရှေ့ဘက် **စာမျက်နှာ ၄ သို့ »»»**

**မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ(မော်စကို)သည် မော်စကိုမြို့လယ်၏ အရှေ့ဘက် ၁၄ ကီလိုမီတာအကွာတွင် တည်ရှိပြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ မဟာဓမ္မ ကထိက ဗဟုဇနဟိတဓရ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျင်သာသနာပိုင် သီတဂူ ဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ၏ မတည်မှု၊ မော်စကိုရောက် ကျောင်းသားကျောင်းသူများနှင့် မြန်မာ့တပ်မတော်မှ သင်တန်းသားအရာရှိများ၊ စေတနာရှင်အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် ၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်**





ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ(မော်စကို) ကျောင်းထိုင် ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ အစ္စရိယထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် ဇွန် ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီး Army General Sergei Kuzhugetovich Shoigu ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပမည့် (၉)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေး ဆိုင်ရာညီလာခံ (Moscow Conference on International Security–2021(MCIS–2021))သို့ တက်ရောက်ရန်အတွက် ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း(MAI)မှ အထူးလေယာဉ်ဖြင့် နေပြည်တော်တပ်မတော် လေဆိပ်မှ ထွက်ခွာခဲ့ကြပြီး ဒေသစံတော်ချိန် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့ Sheremetyevo အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander V.Fomin၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ သံမှူးကြီး ဦးဇော်လင်းဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် ကျော်စိုးမိုးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် ခေတ္တတည်းခိုမည့် Metropol Hotel သို့ ဆက်လက်ထွက်ခွာခဲ့ကြပြီး ညအိပ်ရပ်နားခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander V.Fomin က Sheremetyevo အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။




# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီအတွင်းရေးမှူးနှင့် Rosoboronexport ကုမ္ပဏီ ညွှန်ကြားရေးမှူးချုပ်တို့အား သီးခြားစီတွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၂၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr.Nikolai Platonovich Patrushev နှင့် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲခန့်တွင် လုံခြုံရေးကောင်စီအတွင်းရေးမှူးရုံး၌ တွေ့ဆုံဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ကျော်စိုးမိုးတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီအတွင်းရေးမှူးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအစိုးရ နှစ်ရပ်အကြား လုံခြုံရေးဆိုင်ရာလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှုအခြေအနေနှင့် မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်ပါဝင်ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေနှင့် ကဏ္ဍပေါင်းစုံတွင်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီအတွင်းရေးမှူးတို့သည် အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

အလားတူ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် Rosoboronexport ကုမ္ပဏီညွှန်ကြားရေးမှူးချုပ် Mr. Alexander A.Mikheev နှင့် ကုမ္ပဏီမှ တာဝန်ရှိသူများအား ခေတ္တတည်းခိုလျက်ရှိသည့် Metropol Hotel ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး စစ်ဘက်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် Rosoboronexport ကုမ္ပဏီ ညွှန်ကြားရေးမှူးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr.Nikolai Platonovich Patrushev နှင့် တွေ့ဆုံစဉ်။

»»» **စာမျက်နှာ ၃ မှ**

၁၄ ကီလိုမီတာအကွာတွင် တည်ရှိပြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက် ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ၏ မတည်မှု၊ မော်စကိုရောက် ကျောင်းသား၊ ကျောင်းသူများနှင့် မြန်မာ့တပ်မတော်မှ သင်တန်းသားအရာရှိများ၊ စေတနာရှင်အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် ၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖွင့်ပွဲအခမ်းအနားသို့ သီတဂူဆရာတော်ဘုရားကြီးနှင့်အတူ ဥရောပ၊ အာရှနှင့် အမေရိကနိုင်ငံများမှ ဆရာတော်များလည်း တက်ရောက်ခဲ့ကြကြောင်း၊ မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ(မော်စကို) သို့မဟုတ် မြန်မာဘုန်းတော်ကြီးကျောင်းသည် ရုရှားနိုင်ငံရှိ ဗုဒ္ဓသာသနာပြုအဖွဲ့အတွက် အခြေပြုရာ၊ ဘုရားဝတ်ပြုရာနေရာ၊ ဘာသာသာသနာရေးဆိုင်ရာ အခမ်းအနားများ ကျင်းပပြုလုပ်ရာ နေရာတစ်ခုဖြစ်ကြောင်းနှင့် ကျောင်းထိုင်ဆရာတော်အနေဖြင့်လည်း ဗုဒ္ဓသာသနာရောင်ဝါထွန်းလင်းစေရေးအတွက် သာသနာရေးဆိုင်ရာလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူ့လုံခြုံရေးစနစ်

**မိမိတို့တာဝန်ယူပြီးနောက်ပိုင်း နိုင်ငံရေးအရ ဆန္ဒပြမှုများရှိလာကြောင်း၊ တာဝန်ယူရသည့်အခြေအနေအား အကြိမ်ကြိမ် ရှင်းလင်းပြောကြားထားသော်လည်း နားလည်သဘောပေါက်သူများရှိသကဲ့သို့ နားမလည်သူများလည်းရှိကြောင်း၊ ယခုအခါ ဆူပူသောင်းကျန်းမှုများမှတစ်ဆင့် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လာကြောင်း၊ လက်နက်ကိုင် သောင်းကျန်းသူများ၏ နယ်မြေများအတွင်း ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ တက်ရောက်ခြင်း၊ မတရားအသင်းအဖြစ်ကြေညာထားသည့် CRPH၊ NUG၊ PDF များဖွဲ့စည်း၍ အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ပြီး ဖျက်ဆီးရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိလာကြကြောင်း၊ ပြည်သူများလုံခြုံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်း၍ ပြည်သူ့လုံခြုံရေးစနစ်ဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်(ဇီးပင်ကြီး)ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်နှင့် ရဲအရာရှိလေ့ကျင့်ရေးကျောင်းများ ကြည့်ရှုစစ်ဆေး





**နေပြည်တော် ဇွန် ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ်(ဇီးပင်ကြီး)ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် ဖွင့်လှစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၁)သို့ တက်ရောက်လျက်ရှိသည့် သင်တန်းသား သင်တန်းသူများကို တွေ့ဆုံသည်။

**လေ့လာသုံးသပ်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များချမှတ်ကာ လုပ်ငန်းဆောင်ရွက်နေမှုများ၊ နိုင်ငံတော်၏ သတ်မှတ်ထားရှိသည့် မူဝါဒနှင့်အညီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများကို အုပ်ချုပ်မှုစွမ်းရည် မြင့်မားရေးသင်တန်း အမှတ်စဉ်(၁) အနေဖြင့် ယနေ့မှစတင်၍ သင်တန်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ သင်တန်းသား သင်တန်းသူများကို ကိုယ်တိုင်ကိုယ်ကျ လာရောက်၍ သိသင့်သိထိုက်သည့် ကိစ္စရပ်များကို လာရောက်မှာကြားခြင်းဖြစ်ပါကြောင်း၊ လတ်တလော နိုင်ငံတကာတွင် ဖြစ်ပျက်နေသော ဖြစ်စဉ်ဖြစ်ရပ်များကို လေ့လာသုံးသပ်ရမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မည်သည့်အစိုးရ တာဝန်ယူသည်ဖြစ်စေ မိမိတို့ဦးစီးဌာန၏ တာဝန်များ၊ မိမိတို့အတွက် ချမှတ်ပေးထားသော လုပ်ငန်းတာဝန်များကို တာဝန်ကျေပွန်စွာ ထမ်းရွက်ကြရန်လိုအပ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို အမြဲဂရုပြု ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ သင်တန်းသားများကို ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုများရှိစေရေးအတွက် သင်တန်းပို့ချလေ့ကျင့်နိုင်ရန် သင်ရိုးဇယားရေးဆွဲထားပြီး ကာကွယ်ရေးအမြင်များ ရှိစေရေးအတွက် အခြေခံလိုအပ်သည့် စစ်ပညာဘာသာရပ်များကိုပါ ထည့်သွင်းသင်ကြားနိုင်ရေး လျာထားဆောင်ရွက်ထားရှိပါကြောင်း၊ ပို့ချသည့် ဆရာ ဆရာမများ၏ ပို့ချမှုများကို အလေးထားလိုက်နာကြရန်လိုအပ်ကြောင်း၊ နိုင်ငံအတွင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များအနေဖြင့် လွန်စွာအရေးကြီးပါကြောင်း၊ နိုင်ငံတော်အတွင်း ဆူပူဆန္ဒပြရာမှ အဆင့်ဆင့် ဆိုးရွားလာပြီး မင်းမဲ့စရိုက်ဆန်စွာဖြင့် အုပ်ချုပ်ရေး တာဝန်ရှိသူများကို လုပ်ကြံသတ်ဖြတ်ခြင်း၊ အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့သတ်ဖြတ်ခြင်း၊ ရုံး/ဌာနများကို ဗုံးပစ်ခြင်း၊ မီးရှို့ခြင်း စသည်ဖြင့် အကြမ်းဖက်အဖွဲ့အစည်းပုံသဏ္ဌာန်ကဲ့သို့ လုပ်ရပ်များကို ဆိုးရွားစွာ ဆောင်ရွက်လာသည်ကို တွေ့မြင်ရကြောင်း၊ လက်ရှိဖြစ်ပွားနေသည့် ဖြစ်စဉ်ဖြစ်ရပ်များကို ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများ အနေဖြင့် မီဒီယာကျင့်ဝတ်ကို မျက်ကွယ်ပြုပြီး ကောလာဟလနှင့် သတင်းအမှားများကိုသာ လုပ်ကြံဖြန့်ချိနေသည်ကို(လူမှုကွန်ရက်)များပေါ်တွင် တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ရက်ပိုင်းအတွင်း ဖြစ်ပွားခဲ့သည့် ပေါက်မြို့နယ် ကင်းမကျေးရွာကို အကြမ်းဖက်သောင်းကျန်းသူများက မီးရှို့ဖျက်ဆီးခဲ့မှုအခြေအနေကို သိရှိကြမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် အစိုးရယန္တရား ပိုမိုခိုင်မာတောင့်တင်းအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

သင်တန်းကို သင်တန်းသား သင်တန်းသူ ၂၅၀ ဖြင့် ယနေ့မှစ၍ သင်တန်းကာလ ရက်သတ္တ ၁၀ ပတ်ကြာ ဖွင့်လှစ်သွားမည် ဖြစ်သည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရဲအရာရှိလေ့ကျင့်ရေးကျောင်းတွင် ဖွင့်လှစ်သင်ကြားနေသည့် ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၁၀၄)ရှိ သင်တန်းသား သင်တန်းသူများ၏ သင်ခန်းစာပို့ချလေ့ကျင့်နေမှုများ၊ သင်တန်းခန်းမများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး သင်တန်းသားများ၊ နည်းပြများ၏ သတင်းပို့မှုများကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် အလုပ်သမားရေးရာဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ လုပ်ငန်းခွင်မွမ်းမံသင်တန်း ဖွင့်ပွဲတက်ရောက်



**နေပြည်တော် ဇွန် ၂၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားရေးရာဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ လုပ်ငန်းခွင်မွမ်းမံသင်တန်း အမှတ်စဉ် (၂/၂၀၂၂) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အလုပ်သမားရေးရာဆိုင်ရာဝန်ထမ်းများသည် အလုပ်သမားများ၏ အကျိုးခံစားခွင့်ကို ကာကွယ်စောင့်ရှောက်ကြရပြီး အလုပ်သမားများ၏ ရပိုင်ခွင့်ကို ပြည့်ပြည့်ဝဝ ရရှိနိုင်ရေးအတွက် ဥပဒေနှင့်အညီ ကြိုးပမ်းဖော်ဆောင်ပေးနေကြသူများဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ဌာနမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို စနစ်တကျ တတ်ကျွမ်းနားလည်မှသာ အလုပ်သမားများ၏ အကျိုးအတွက် ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှ ပို့ချမည့် ဘာသာရပ်များအပေါ် လက်တွေ့လုပ်ငန်းခွင်အတွေ့အကြုံများနှင့် နှိုင်းယှဉ်၍ လုပ်ငန်းစွမ်းဆောင်ရည် ပြည့်ဝနေစေရေးအတွက် အစဉ်လေ့လာသင်ယူကာ ပေးအပ်သည့် တာဝန်များကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ နေပြည်တော်ရုံးချုပ်မှ အင်အား ၂၀ နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ရုံးများမှ virtual စနစ်ဖြင့် တက်ရောက်မည့် အင်အား ၇၂ ဦး စုစုပေါင်း အရာထမ်း၊ အမှုထမ်း သင်တန်းသား ၉၂ ဦး တက်ရောက်၍ သင်တန်းကာလမှာ ရက်သတ္တပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုယ်ပြုသည့်ကံ .......

မောင်သောမန

**ဗုံးခွဲ၊ မီးရှို့ဖျက်ဆီး၊ သတ်ဖြတ်မှုများကို မိမိတို့ပြုလုပ်သည်ဟု ရဲဝံ့စွာ အသိပေးခြင်းမပြုလုပ်ဝံ့ဘဲ ခိုးကြောင်ခိုးဝှက်ပြုလုပ်ရုံသာမက သူတစ်ပါးအား အပြစ်ပုံချသော လုပ်ရပ်တို့သည် သူရဲဘောကြောင်သည့် ယုတ်မာရက်စက်မှုသာဖြစ်သည်။ မကောင်းမှုသည် ဆိတ်ကွယ်ရာမရှိချေ။ ဥပဒေအရ ရှောင်တိမ်းမရသည်သာမက မိမိတို့ကျူးလွန်မှုတို့ကို ကိုယ်စောင့်နတ်၊ လောကစောင့်နတ်တို့ သိကြပေသည်။ ဥပဒေအရ မကောင်းမှုဟူသည် ပြေးလွတ်ရိုး ထုံးစံမရှိပေ။ လောကတွင် မည်သည့်အမှုကို ပြုလုပ်သည်ဖြစ်စေ ကောင်းကျိုး၊ ဆိုးကျိုးတို့ကို အချိန်တန်လျှင် မလွဲမသွေ ခံစားကြရမည်ဖြစ်**

ယနေ့ကာလတွင် သူတစ်ပါးပိုင်၊ အများပြည်သူပိုင် နေအိမ်၊ ကျောင်း၊ အဆောက်အအုံတို့ကို မသမာသူအဖျက်သမားတို့က မီးရှို့ဖျက်ဆီးခြင်း၊ ဗုံးခွဲတိုက်ခိုက်ခြင်းတို့အပြင် "ငါနဲ့မတူ ငါ့ရန်သူ" အဖြစ် သတ်မှတ်ကာ ရက်ရက်စက်စက် သတ်ဖြတ်ခြင်းတို့ ပြုလုပ်ကြသည်ကို မြင်တွေ့ကြားသိနေရပါ၏။ ထိုသို့ မီးရှို့၊ ဗုံးခွဲ၊ သတ်ဖြတ်မှုများနှင့်ပတ်သက်၍ ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ NLD အစွန်းရောက်များ၊ CRPH နှင့် NUG၊ ၎င်းတို့ကို ထောက်ခံသူများ၊ PDF များ၊ ၎င်းတို့က ငွေပေးစေခိုင်းသူများက ပြုလုပ်ခဲ့ကြသည်ဟု ထွက်ဆိုထားသည်။

## မလွဲမသွေခံစား

NLD ပါတီဝင် အစွန်းရောက်များ၊ NLD ပါတီကို ထောက်ခံသူများ၊ ဝန်းရံသူများနှင့် တပ်မတော်အပေါ် အမြင်မကြည်လင်သူများ၊ မကျေနပ်သူများသည် အများပြည်သူဆိုင်ရာတို့ကို ဗုံးခွဲ၊ မီးရှို့ဖျက်ဆီးမှုများအား ၎င်းတို့၏ အားထုတ်မှုဖြစ်သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြုလုပ်သယောင် မဟုတ်မမှန်လုပ်ကြံစွပ်စွဲ ပြောဆိုနေကြသည်ကို လူမှုကွန်ရက်များပေါ်တွင် နေ့စဉ်မြင်တွေ့ကြားသိနေရသည်။

**အဆိုပါ ဗုံးခွဲ၊ မီးရှို့ဖျက်ဆီး၊ သတ်ဖြတ်မှုများကို မိမိတို့ပြုလုပ်သည်ဟု ရဲဝံ့စွာ အသိပေးခြင်းမပြုလုပ်ဝံ့ဘဲ ခိုးကြောင်ခိုးဝှက်ပြုလုပ်ရုံသာမက သူတစ်ပါးအား အပြစ်ပုံချသော လုပ်ရပ်တို့သည် သူရဲဘောကြောင်သည့် ယုတ်မာရက်စက်မှုသာ ဖြစ်သည်။ မကောင်းမှုသည် ဆိတ်ကွယ်ရာမရှိချေ။ ဥပဒေအရ ရှောင်တိမ်းမရသည်သာမက မိမိတို့ကျူးလွန်မှုတို့ကို ကိုယ်စောင့်နတ်၊ လောကစောင့်နတ်တို့ သိကြပေသည်။ ဥပဒေအရ မကောင်းမှုဟူသည် ပြေးလွတ်ရိုး ထုံးစံမရှိပေ။ လောကတွင် မည်သည့်အမှုကို ပြုလုပ်သည်ဖြစ်စေ ကောင်းကျိုး၊ ဆိုးကျိုးတို့ကို အချိန်တန်လျှင် မလွဲမသွေ ခံစားကြရမည်ဖြစ်သည်။**

## ဤသို့မပြတ်ဖြစ်

တရားတော်တွင် အခါတစ်ပါး၌ အရှင်မဟာမောဂ္ဂလာန်သည် အရှင်လက္ခဏနှင့်အတူ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံကြွရန် ဂိဇ္ဈကုဋ်တောင်မှ ဆင်းလာသောအခါ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် စပါးကြီးမြွေပြိတ္တာတစ်ကောင်ကို မြင်၍ ပြုံးတော်မူ၏။ အရှင်လက္ခဏက ပြုံးတော်မူသည်ကို အမေးရှိသော် အရှင်မဟာမောဂ္ဂလာန်က "မြတ်စွာဘုရားရှင်ထံသို့ ရောက်သော် ငါ့ကို မေးလော့" ဟုဆို၏။ ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံပြီး မြတ်စွာဘုရားရှင်ထံ ရောက်သော် အရှင်လက္ခဏက မေးသဖြင့် အရှင်မဟာမောဂ္ဂလာန်က "ငါ့ရှင်လက္ခဏ ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းလာသော် မြွေပြိတ္တာတစ်ကောင်ကို မြင်ရ၍ ပြုံး၏။ ထိုပြိတ္တာ ကိုယ်ကား ၂၅ ယူဇနာ ရှည်၏။ မီးလျှံတို့သည် အမြီးဖျားသို့ ရောက်သွားပြီး တစ်ဖန် အမြီးဖျားမှထ၍ ဦးခေါင်းသို့သွားကုန်၏။ ဤသို့ မပြတ်ဖြစ်၏" ဟု ဖြေကြား၏။

ထိုအခါ မြတ်စွာဘုရားရှင်က "ရဟန်းတို့ ငါဘုရားသည်လည်း ထိုမြွေပြိတ္တာကို ဘုရားဖြစ်စ ဗောဓိမဏ္ဍိုင်၌ နေတော်မူစဉ်ကပင် မြင်ခဲ့၏။ သို့ရာတွင် ငါဘုရားက ထိုပြိတ္တာ အကြောင်းပြော၍ လူတို့ မယုံကြည်ခဲ့လျှင် သူတို့အား အကျိုးစီးပွားမဲ့ ဖြစ်ကြမည်ဖြစ်၍ ဟောတော်မမူခဲ့။ ယခုမှ အရှင်မောဂ္ဂလာန်ကို သက်သေအဖြစ်ရ၍ ဟောတော်မူရ၏" ဟု မိန့်တော်မူ၏။ ထိုအခါ ရဟန်းတို့က မြတ်စွာဘုရားရှင်အား ထိုစပါးကြီးမြွေပြိတ္တာ၏ မကောင်းမှုအကြောင်းကို မေးလျှောက်ကြ၏။

## ဆင်းရဲကိုခံစားရ

မြတ်စွာဘုရားရှင်က "ရဟန်းတို့ ထိုမြွေပြိတ္တာသည် ကဿပဘုရားရှင်လက်ထက်က ခိုးသူကြီး ဖြစ်ခဲ့၏။ သူသည် သုမင်္ဂလသူဌေးကြီးကို ရန်ငြိုးဖွဲ့ထားရှိ၍ သူဌေးကြီး၏အိမ်ကို ခုနစ်ကြိမ်တိုင် မီးတိုက်ဖျက်ဆီးခဲ့၏။ သူဌေးကြီး၏ နွားခြံမှ နွားတို့၏ ခြေထောက်များကိုလည်း ခုတ်ဖြတ်ခဲ့၏။ သူသည် ထိုမျှနှင့် အားမရသေးဘဲ မြတ်စွာဘုရားရှင်အတွက် ထိုသူဌေးကြီး ဆောက်လုပ်လှူဒါန်းထားသည့် ဂန္ဓကုဋိတိုက်ကိုပင် မြတ်စွာဘုရားရှင် ဆွမ်းခံကြွခိုက် မီးတိုက်ဖျက်ဆီးခဲ့၏။ ဤမကောင်းမှုကံကြောင့် ထိုခိုးသူကြီးသည် သေသော်အဝီစိငရဲ၌ ကာလရှည်စွာ ကျခံခဲ့ရ၏။ ထို့နောက် ထိုမကောင်းမှု၏ အကျိုးအကြွင်းအားဖြင့် ယခုဤကဲ့သို့ မြွေပြိတ္တာကြီးဖြစ်၍ မီးဖြင့် လောင်မြိုက်လျက် ပြင်းထန်သောဆင်းရဲကို ခံစားရ၏" ဟု မိန့်တော်မူ၏။

## ပူလောင်ဆင်းရဲ

ထို့နောက် မြတ်စွာဘုရားရှင်က "ရဟန်းတို့ လူမိုက်တို့မည်သည် မကောင်းမှုကံတို့ကို ပြုကြစဉ် (ငါ မကောင်းမှုကို ပြု၏ဟု) မသိကြကုန်၊ နောင်အခါ၌ မိမိပြုသည့် မကောင်းမှုကံတို့ဖြင့် လောင်ကျွမ်းရကုန်လျက် မိမိသည်ပင် မိမိ၏ တောမီးနှင့်အတူ ဖြစ်ရကုန်၏" ဟု မိန့်တော်မူပြီး **"အထ ပါပါနိ ကမ္မာနိ၊ ကရံ ဗာလော န ဗုဇ္ဈတိ။ သေဟိ ကမ္မေဟိ ဒုမ္မေဓေါ အဂ္ဂိ ဍဍ္ဎောဝ တပ္ပတိ"** ဂါထာကို ဟောတော်မူခဲ့၏။

**(မြန်မာပြန်) လူမိုက်သည် မကောင်းမှုကံတို့ကို ပြုစဉ်အခါ၌ (ငါမကောင်းမှုပြု၏ဟု) မသိချေ။ ပညာမဲ့သူ ထိုလူမိုက်သည် မိမိပြုသည့် ထိုမကောင်းမှုကံတို့ကြောင့် မီးဖြင့်လောင်သကဲ့သို့ ပူလောင်ဆင်းရဲရ၏။** ဟု (ဓမ္မပဒ-၁၃၆) တွင် ဖော်ပြထားသည်။

## အတောမသတ်နိုင်

မည်သည့် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ မည်သည့်ခံယူချက်ဖြင့်ဖြစ်စေ၊ မည်သည့် အကြောင်းကြောင်းကြောင့် ဖြစ်စေ အများပြည်သူပိုင်ဆိုင်ရာတို့ကို ဖျက်ဆီးခြင်း၊ သူတစ်ပါးသူ တစ်ဦးဦးအား အကြောင်းမဲ့သက်သက် နှိပ်စက်ညှဉ်းဆဲသတ်ဖြတ်ခြင်းသည် မကောင်းမှု၊ အကုသိုလ်အမှု ကျူးလွန်ခြင်းသာဖြစ်သည်။ တရားသောအမှုကို ဆောင်ရွက်ခြင်းမဟုတ်ပေ။ ထိုအမှုတို့ကို ကျူးလွန်ခြင်းသည် လူဆိုးလူမိုက်တို့၏အလုပ်ကို ပြုလုပ်ခြင်းဖြစ်သည်။ ယခုအခါတွင် မြန်မာနိုင်ငံတစ်ဝန်း၌ အများပြည်သူဆိုင်ရာတို့ကို မီးရှို့၊ ဗုံးခွဲဖျက်ဆီးခြင်း၊ ပြည်သူတို့ကို အကြောင်းမဲ့သက်သက် သတ်ဖြတ်ခြင်းတို့ကို အတောအသတ်နိုင်အောင်ပြုလုပ်နေသည်ကို နေ့စဉ်တွေ့နေရသည်။

## ဒုက္ခဆင်းရဲကြုံရ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ဇွန်လ ၁၀ ရက်နေ့အထိ နိုင်ငံတစ်ဝန်းရှိ မြို့နယ် ၆၈ မြို့နယ်တွင် အများပြည်သူတို့၏ လူနေအိမ်နှင့်ပစ္စည်း တစ်ရာကျော်ကို ဆူပူအကြမ်းဖက်သောင်းကျန်းသူတို့က မီးရှို့ဖျက်ဆီးခဲ့သည်။ မြို့နယ် ၁၃၇ မြို့နယ်တွင် ဌာနဆိုင်ရာရုံး၊ အဆောက်အအုံ ၂၆၀ ကျော်ကို ဆူပူအကြမ်းဖက်သောင်းကျန်းသူများက မီးရှို့ဖျက်ဆီးခဲ့သည်။ အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူများ လက်ချက်ကြောင့် အပြစ်မဲ့ပြည်သူများ သတ်ဖြတ်ခံရမှုများမှာ ရာနှင့်ချီ၍ ရှိလာပြီဖြစ်သည့်အပြင် မြို့ရွာများ မတည်ငြိမ်မှုများကြောင့် ပြည်သူများ၏ လူနေမှုစီးပွားရေးဘဝများ အခက်အခဲများ များစွာကြုံတွေ့နေကြရသည်။ အကျိုးအကြောင်းမှာ ပြုသူအသစ်၊ ဖြစ်သူအဟောင်းကဲ့သို့ မှတ်ရမည်သာဖြစ်သည်။

## အကုသိုလ်ကံခံရ

မကောင်းမှု အကုသိုလ်အမှုများ ပြုလုပ်ခဲ့ကြခြင်းနှင့်ပတ်သက်၍ ရှင်မဟာမောဂ္ဂလာန်သည် ရှေးက အမိကိုသတ်ခဲ့ဖူးသည်။ ရှင်မောဂ္ဂလာန်ဘဝ၌ ထိုကံအခွင့်ရသဖြင့် ခိုးသားငါးရာ၏ အသတ်ကိုခံခဲ့ရပြီးမှ ပရိနိဗ္ဗာန်စံရသည်။ ဗိမ္ဗိသာရမင်းသည် ရှေးက ဘုရားရှင်ပြင်တွင် ဖိနပ်စီးခဲ့ဖူး၏။ ဗိမ္ဗိသာရမင်းဘဝ၌ ထိုကံအခွင့်ရသဖြင့် ခြေဖဝါးကို ဓားခွဲခံရပြီးမှ နတ်ရွာစံရသည်။ သာမာဝတီအမှူးရှိသော နန်းတွင်းသူတို့သည် ရှေးက ပစ္စေကဗုဒ္ဓတို့ သမာပတ်ဝင်စားနေစဉ် အလောင်းတော်ထင်၍ မီးရှို့ခဲ့ရာ သမာပတ်မှ ထသောအခါ အသက်ရှိသေးကြောင်း သိလျက်ပင် မိမိတို့ အမှုပေါ်မည်စိုး၍ ထပ်မံမီးတိုက်ခဲ့ဖူးသည်။ ထိုကံ အခွင့်ရသောအခါ ၎င်းတို့အားလုံး မီးလောင်၍ ဘဝဆုံးကြရသည်။ ဤကား ရှေးဘဝကပြုခဲ့သော အကုသိုလ်ကံ အခွင့်ရသဖြင့် ပြန်လည်အသက်သေဆုံးရသောအဖြစ်များတည်း။

## လတ်တလောသေရ

ယခုဘဝမှာပင် ဂုဏ်ကြီးသူများကို အကြီးအကျယ်စော်ကားမိ၍ ထိုကံက သတ်ဖြတ်သော ဝတ္ထုများလည်း ရှိသေးသည်။ "ဒုဿီ" အမည်ရသော မာရ်နတ်သည် ကဿပဘုရားရှင်၏ လက်ယာတော်ရံ အဂ္ဂသာဝက အရှင်၏ ဦးခေါင်းတော်ကို ကျောက်ခဲဖြင့် ပေါက်လေသည်။ "နန္ဒ" မည်သော နတ်ဘီလူးကား အရှင်သာရိပုတ္တရာ၏ ရိတ်ပြီးစ ဦးခေါင်းပြောင်ပြောင်ကို လက်ဖြင့် ခေါက်၏။ ကလာဗုသည် အလောင်းတော် ခန္တီဝါဒီရသေ့ကို သေလောက်အောင် နှိပ်စက်ခိုင်း၏။ ထိုနတ်၊ ဘီလူး၊ မင်းသားတို့ ထိုဘဝ၌ ပြုလုပ်သောကံသည် ထိုဘဝမှာပင် အခွင့်ရ၍ မြေမြိုစေလေသည်။ ဤသို့စသည်ဖြင့် အမိ၊ အဖ၊ ဂုဏ်ကြီးသော ဆရာသမားတို့ကို စော်ကားသူတို့သည် ထိုကံအတွက် သက်တမ်းစေ့အောင် မနေကြရဘဲ လတ်တလော သေရတတ်သည်။

## မီးပုံထဲဆင်းလျှင်

သူတစ်ပါးတို့အား ပျက်စီးအောင် သတ်ဖြတ်ဖျက်ဆီးခဲ့ကြသူများသည် ယခုဘဝ၌ အကျိုးပေးကံနည်းသေး၍ ကြီးကြီးမားမားမဖြစ်သေးသော်လည်း အစဉ်းစား အဆင်ခြင် ဉာဏ်နည်းသူတို့ကား သေကျေပျက်စီးခြင်းသည် နှောင့်နှေးမည်မဟုတ်ပေ။ "အသက်ဉာဏ်စောင့်" **"အစားမတော် တစ်လုတ်၊ အသွားမတော် တစ်မုဟုတ်"**၊ **"ကျားရဲကကြမ္မာ မယိုးသာ"** ဆိုသကဲ့သို့ပင် ကျားရှိနေသော တောသို့သွားလျှင် ကျားကိုက်ခံရမည်မှာ သေချာပါသည်။ မသွားသင့်သော နေရာသို့သွား၍ ကျားကိုက်ခံရသည်မှာ မိမိအသက်ကို ဉာဏ်မစောင့်သောကြောင့် ဖြစ်သည်။ အခြားအကြောင်းကံကို ယိုးစွဲရန် မသင့်ပါပေ။ ကံယုံပြီး မီးပုံထဲမဆင်းပါနှင့်၊ မီးပုံထဲဆင်းလျှင် ကံကောင်းနေသော်လည်း မီးလောင်သေဆုံးရမည်သာတည်း။ ။

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၂၁**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော်ဘူတာကြီးပရဝဏ်အတွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်ဇနီး၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ယနေ့မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပိတောက်ပင်၊ သီဟိုဠ်ပင်၊ ရတနာတန်းဝင်ကျွန်းပင်များ၊ မာဂျန်ရှားနှင့် မဲဇလီပင်များ စိုက်ပျိုးခဲ့ကြပြီး ဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုကို ပြည်ထောင်စုဝန်ကြီးက လိုက်လံကြည့်ရှုအားပေးသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ သီးပင်စားပင်များအပြင် ကျွန်းပင်ပေါင်း ၂၄၀၀ ကျော်၊ သရက်ပင် ၈၅၀ ကျော်နှင့် အရိပ်ရလေကာပင် ၆၂၂၅ ပင်ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**တက်ရောက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂၉)အနီးရှိ လျှိုပိတ်ဆည်တွင် ကျင်းပသည့် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ဆည်အတွင်းသို့ ငါးမြစ်ချင်းကောင်ရေ ၂၀၀၀၀ ငါးမျိုး စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အာဆီယံ စွမ်းအင်ဆိုင်ရာဝန်ကြီးများနှင့် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီးတို့ စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စများ ဆွေးနွေး

**နေပြည်တော် ဇွန် ၂၁**

အာဆီယံစွမ်းအင်ဆိုင်ရာဝန်ကြီးများနှင့် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးတို့အကြား စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များနှင့်ပတ်သက်သည့် အထူးအစည်းအဝေး (The Special Meeting of ASEAN Ministers on Energy and Minister of Economy, Trade and Industry of Japan – SPECIAL AMEM–METI)ကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးနှင့် တာဝန်ရှိသူများ နေပြည်တော်မှ ပါဝင်တက်ရောက်သည်။



**တက်ရောက်**

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်ဆိုင်ရာဝန်ကြီးများ၊ ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြပြီး ဗီယက်နမ်နိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

အစည်းအဝေးတွင် အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှ မိမိတို့နိုင်ငံအလိုက် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒချမှတ်ဆောင်ရွက်နေမှု၊ လက်ရှိစွမ်းအင်ထုတ်လုပ်သုံးစွဲမှုနှင့် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးဆောင်ရွက်နေမှု အစီအမံများကို ဆွေးနွေးကြသည်။

ထို့ပြင် အာဆီယံဒေသတွင်း စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ၂၀၂၁–၂၀၂၅ (ASEAN Plan of Actions for Energy Cooperation–APAEC Phase II, 2021–2025) အကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စရပ်များ၊ ဂျပန်နိုင်ငံနှင့် အာဆီယံတို့အကြား ပူးပေါင်းဆောင်ရွက်မည့် သန့်စင်သော ကျောက်မီးသွေးနည်းပညာ (Clean Coal Technology – CCT)၊ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးအတွက် Carbon Capture, Utilization and Storage (CCUS) နည်းပညာကူညီပံ့ပိုးရေး၊ ဟိုက်ဒရိုဂျင် စွမ်းအင်ထုတ်လုပ်သုံးစွဲရေး၊ စွမ်းအင်ခြိုးခြံချွေတာရေးနှင့် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲနိုင်ရေး၊ ပြန်ပြည့်မြဲစွမ်းအင်တိုးမြှင့်သုံးစွဲမှု အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ Green Energy ကဏ္ဍအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို အပြန်အလှန်ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြန်/ဆက်ရုံးများနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ဇွန် ၁၈ ရက်တွင် မကွေးတိုင်းဒေသကြီး မြို့သစ်၊ တောင်တွင်းကြီး၊ မင်းလှ၊ မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ ဆိပ်ဖြူနှင့် ချောက်မြို့နယ်တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံသည်။ ထို့ပြင် မင်းဘူးမြို့ရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဇွန် ၁၉ ရက်တွင် ချောက်မြို့နယ်ရှိ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး မန္တလေးတိုင်းဒေသကြီး ညောင်ဦး၊ မကွေးတိုင်းဒေသကြီး ပခုက္ကူ၊ ပေါက်၊ မြိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီး၊ ပုလဲ၊ ယင်းမာပင်နှင့် မုံရွာမြို့နယ်တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ထို့ပြင် ပခုက္ကူမြို့ရှိ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့် မုံရွာမြို့ရှိ ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဒုတိယဝန်ကြီး ဦးရဲတင့်က ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် မိမိအလုပ်ကို ချစ်မြတ်နိုး တန်ဖိုးထားရန်၊ ဌာန၏ စွမ်းဆောင်ရည်မြင့်မားစေရေးကို အလေးထားရန်၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကိစ္စများတွင် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားသော မူဝါဒများ ပြန်လည်ဖြန့်ဝေနိုင်ရေး ဆောင်ရွက်ရန် စသည်ဖြင့် ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၁) တက်ရောက်



နေပြည်တော် ဇွန် ၂၁

ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၁)ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။

**ဦးစားပေးဆောင်ရွက်လျက်ရှိ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူကိုရှေးရှုပြီး ပြည်သူ့လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို အထူးအလေးထား ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့လုပ်ငန်းကော်မတီသည် ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ဝန်ကြီးဌာနအလိုက် အမြန်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းနှင့် ပြည်သူများသိရှိနိုင်ရေး ပွင့်လင်းမြင်သာစွာချပြပေးရန်နှင့် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးရန်ဖြစ်ကြောင်း။

ယခုကဲ့သို့ ဖွံ့ဖြိုးရေးစီမံကိန်းများဆောင်ရွက်ရာတွင် သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိသော အခြေခံအဆောက်အအုံများ တည်ဆောက်ရန် လိုအပ်သလို ဒေသဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍများလည်း ထိထိရောက်ရောက် ဆောင်ရွက်ပေးကြရန်နှင့် ဒေသခံပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေး မြင့်မားရေးအတွက်လည်း အခြေခံမှစ၍ ရည်မှန်းချက်ထား ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးပွားလာစေရေးအတွက် အရည်အသွေးမြင့်မားပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေမည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ကုန်ထုတ်လုပ်ရေးနှင့် တင်ပို့ရေးကိုဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတို့နှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တက်ရောက်လာကြသူများက ဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် တိုင်းရင်းသားစာပေသင်ကြားသည့် Teaching Assistant (TA) နှင့် Language Teacher (LT) ခန့်ထားရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည့် အခမ်းအနားတက်ရောက်

နေပြည်တော် ဇွန် ၂၁

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန တိုင်းရင်းသားစာပေသင်ကြားသည့် Teaching Assistant (TA) နှင့် Language Teacher (LT) ခန့်ထားရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ရေး ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။



**ပြန်လည်အသက်ဝင်လာပြီ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ကိုဗစ်ရောဂါကြောင့် အစိုးရကျောင်းများပိတ်ထားရာမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဇွန် ၁ ရက်မှစ၍ ကျောင်းများပြန်လည်ဖွင့်လှစ်လာသည်နှင့်အမျှ တိုင်းရင်းသားစာပေသင်ကြားရေးကိစ္စများလည်း ပြန်လည်အသက်ဝင်လာပြီဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနမှ Teaching Assistant (TA) နှင့် Language Teacher (LT) ဆရာ ဆရာမများ ခန့်ထားရေး အမိန့်စာများ ထွက်လာပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှလည်း TA နှင့် LT လျှောက်လွှာများကို ဝန်ကြီးဌာနသို့ ပေးပို့လာပါကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနက လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပြီး ပညာရေးဝန်ကြီးဌာနသို့ ဆက်လက်ပေးပို့သွားရမည်ဖြစ်ပါကြောင်း။

ယခင်က တိုင်းရင်းသားစာပေများကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် သင်ကြားခဲ့ကြရပါကြောင်း၊ ယခုအချိန်တွင် တိုင်းရင်းသားအရေးကို ဦးစားပေးလာပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုဆောင်ရွက်ခြင်း၊ စာပေနှင့် ယဉ်ကျေးမှုများကို တိုးတက်ဖြစ်ထွန်းစေခြင်း၊ တိုင်းရင်းသားများ တန်းတူအခွင့်အရေးကို မျှမျှတတရရှိစေခြင်းဖြင့် မြန်မာနိုင်ငံသည် ငြိမ်းချမ်းသာယာသော နိုင်ငံတစ်ခုဖြစ်လာစေရေး ရှေးရှုဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က Teaching Assistant (TA) နှင့် Language Teacher(LT) ဆရာ ဆရာမများ ခန့်ထားခြင်းအပေါ် သုတေသနပြုလေ့လာပြီး တိုးတက်မှုရလဒ်ကို အစီရင်ခံစာပြုစု၍ တိုင်းပြည်အတွက် အကျိုးပြုမှုကို တင်ပြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်နှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်တင်တင်နွယ်တို့က ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများ ကြည့်ရှုစစ်ဆေး





နေပြည်တော် ဇွန် ၂၁

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ဇွန် ၂၀ ရက် နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မိုးလုံလေလုံအားကစားခန်းမ အမိုးနှင့်အခင်း ဆေးသုတ်ခြင်းလုပ်ငန်းများ၊ လျှပ်စစ်မီးပြန်လည်ပြုပြင်ပြီးစီးမှုကိုလည်းကောင်း၊ မအူပင်မြို့နယ် ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ပွဲကြည့်စင် တည်ဆောက်ပြီးစီးနေမှုလုပ်ငန်းများ၊ အလေးမအားကစားရုံ ပျက်စီးယိုယွင်းနေမှုများကိုလည်းကောင်း၊ ဘတ်စကက်ဘောကွင်း၊ စားပွဲတင်တင်းနစ်ရုံ၊ ပိုက်ကျော်ခြင်းအားကစားကွင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ ပြုပြင်ထိန်းသိမ်းပြီး ပြန်လည်မွမ်းမံနိုင်ရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ညောင်တုန်းမြို့နယ် မိုးလုံလေလုံ အားကစားရုံကို ကြည့်ရှုစစ်ဆေး၍ သဘာဝဘေးအန္တရာယ်ကြောင့် ပြိုကျပျက်စီးသွားသော အုတ်နံရံများ ပြန်လည်ပြုပြင်ရေးကိစ္စရပ်များ၊ မြို့နယ်ဘောလုံးအားကစားကွင်း မြေဖို့ပြုပြင်ရန် လိုအပ်သည့်ကိစ္စရပ်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဓနုဖြူမြို့နယ် ပြည်သူ့အားကစားဘောလုံးကွင်း၊ မြို့နယ်အားကစားခန်းမတို့ကိုလည်းကောင်း၊ ဇလွန်မြို့နယ် ဘောလုံးအားကစားကွင်း၊ မြို့နယ်အားကစားခန်းမတို့ကိုလည်းကောင်း၊ ဟင်္သာတခရိုင် အားကစားကွင်း၊ ဟင်္သာတမြို့နယ် ဘောလုံးအားကစားကွင်း၊ ဟင်္သာတမြို့နယ် အားကစားခန်းမတို့ကိုလည်းကောင်း၊ ကျုံပျော်မြို့နယ် အားကစားကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ကွင်းအတွင်း ငါးရိုးရေစစ်မြောင်းထည့်သွင်းခြင်း၊ ကွင်းပတ်လည် မြောင်းအဖုံးပါ အုတ်ရေမြောင်းပြုလုပ်ခြင်း၊ ကွင်းအတွင်း သဲ/ဖွဲပြာ ခြောက်လက်မဒု (တစ်လက်မ Camber) ကွင်းညှိခြင်းလုပ်ငန်း တည်ဆောက်နေမှု၊ ကျုံပျော်မြို့နယ် အားကစားခန်းမ မိုးလုံလေလုံအားကစားရုံ တည်ဆောက်ပြီးစီးမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ကန်ကြီးထောင့်မြို့နယ် မြို့နယ်ဘောလုံးအားကစားကွင်း အုတ်တံတိုင်းကာရံထားရှိပြီးစီးမှုအခြေအနေနှင့် မိုးလုံလေလုံ အားကစားခန်းမကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စီးပွားရေးတည်ငြိမ်မှုနှင့် နိုင်ငံရေးတည်ငြိမ်မှု

ပိုက်တင်

နိုင်ငံရေးဆိုတာ နိုင်ငံတစ်ခုရဲ့ကံကြမ္မာ အကောင်း၊ အဆိုးကို အဓိကအခန်းကဏ္ဍကနေ ပြဋ္ဌာန်းပေးတဲ့ အခြေခံအကြောင်းတရားကြီးဖြစ်တယ်ဆိုတာကို နိုင်ငံရေးသိပ္ပံပညာရပ်က အတိအလင်းဖွင့်ဆိုထားပါတယ်။ ဒါဘာကြောင့်လဲဆိုတော့ နိုင်ငံရေးတည်ငြိမ်မှုကို အခြေခံပြီးတော့မှ ကျန်တဲ့စီးပွားရေး၊ ပညာရေး၊ လူမှုရေးစတဲ့ ဘက်စုံကဏ္ဍတွေအားလုံးကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်တာမို့လို့ပဲ ဖြစ်ပါတယ်။ ဒီထက်ပိုတိကျအောင်ပြောရရင်တော့ နိုင်ငံရေးတည်ငြိမ်မှုရှိမှ စီးပွားရေးတည်ငြိမ်မှုရှိဖို့ အာမခံချက်ပေးနိုင်မှာဖြစ်ပြီးတော့ စီးပွားရေးတည်ငြိမ်မှုက စောစောကပြောတဲ့ နိုင်ငံတစ်ခုရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အာမခံချက်ပေးနိုင်တာကြောင့်ပဲ ဖြစ်ပါတယ်။ တစ်ခါ စီးပွားရေးတည်ငြိမ်မှုကို နိုင်ငံရေးတည်ငြိမ်မှုက ပံ့ပိုးမှုကောင်းစွာပြုနိုင်တာနဲ့အမျှ စီးပွားဖြစ်ထွန်းမှုကို ဖန်တီးနိုင်ပြီးတော့ နိုင်ငံတစ်ခုဟာ စီးပွားရေးအရ တောင့်တင်းလာလေ နိုင်ငံသားတွေရဲ့ လူနေမှုအဆင့်အတန်း၊ ပညာရေးအဆင့်အတန်း၊ ယဉ်ကျေးမှုအဆင့်အတန်းတွေကို မြှင့်တင်ပေးနိုင်ရုံမျှမက နိုင်ငံရေးစနစ်ကို ပိုမိုကောင်းမွန်ပြည့်စုံရေး တည်ဆောက်နိုင်ဖို့ အပြန်အလှန်အားဖြင့် အားဖြည့်ပေးတယ်လို့ ဆိုပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံရေးတည်ငြိမ်မှုရှိဖို့နဲ့ စီးပွားရေးတည်ငြိမ်မှုရှိဖို့ဆိုတာဟာ တစ်ခုကိုတစ်ခု အပြန်အလှန် ကောင်းစွာအထောက်အပံ့ပြုပေးနေတာ ဖြစ်တယ်လို့ဆိုရမှာဖြစ်ပါတယ်။

## နိုင်ငံရေးစနစ်ကောင်းတစ်ရပ်

ဒီနေရာမှာ အလေးအနက်ထားပြီး စဉ်းစားကြဖို့သင့်တာကတော့ စောစောကပြောသလို နိုင်ငံရေးတည်ငြိမ်မှုနဲ့ စီးပွားရေးတည်ငြိမ်မှုကြားက အပြန်အလှန်ထောက်ပံ့နေခြင်းဆိုတဲ့ အကြောင်းအရာဖြစ်ပါတယ်။ အထူးသဖြင့် ကောင်းမွန်တဲ့နိုင်ငံရေးစနစ်တစ်ရပ် ပေါ်ထွန်းလာရေးကို စိန်ခေါ်မှုတွေ မြောက်မြားစွာရဲ့ကြားထဲကနေ ခဲရာခဲဆစ်ကြိုးစားလုပ်ဆောင်နေကြရတဲ့ နိုင်ငံမျိုးတွေအဖို့ရာမှာ နိုင်ငံရေးစနစ်ကောင်းတစ်ရပ်ကို တည်ဆောက်ဖန်တီးယူလို့ ရနိုင်ရေးအတွက် အခြေခံလိုအပ်ချက်တွေဟာ မြောက်မြားစွာရှိနေတတ်တယ်ဆိုတာကို သတိချပ်ကြဖို့ဖြစ်ပါတယ်။ စီးပွားရေးအရ ကောင်းမွန်တဲ့အနေအထားတစ်ရပ်မှာ ရှိမနေဘူးဆိုရင် ကျန်တဲ့ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိစ္စကို လက်တွေ့ကျကျ အကောင်အထည်ဖော်ကြတဲ့နေရာမှာ ဘယ်လိုမှ အောင်မြင်လာဖို့ မလွယ်ကူနိုင်ဘူးဆိုတဲ့အချက်ကို မေ့လျော့မထားဖို့ ဖြစ်ပါတယ်။ စီးပွားရေးတည်ငြိမ်ပြီး တစ်စုံတစ်ရာဖြစ်ထွန်းနေခြင်းက နိုင်ငံရေးစနစ်ကောင်းတစ်ရပ် ပေါ်ထွန်းလာပြီး နိုင်ငံရေးတည်ငြိမ်မှုကို ကောင်းစွာအာမခံချက်ရှိရေး ထောက်ပံ့မှုပြုနေတာဖြစ်ပါတယ်။

နိုင်ငံသားတွေရဲ့ နိုင်ငံရေးအသိပညာရေချိန်၊ စားဝတ်နေမှုအဆင့်အတန်း၊ ဥပဒေစည်းကမ်းနဲ့ ကျင့်ဝတ်တွေကို တန်ဖိုးထားမှုစတာတွေကို စီးပွားရေးအခြေအနေက တစ်နည်းတစ်လမ်းအားဖြင့် ပံ့ပိုးကူညီပေးနေပြီးတော့ ဒီအကြောင်းတရားကပဲ နိုင်ငံရေးစနစ်ကောင်းတစ်ရပ် တဖြည်းဖြည်းချင်းဖြစ်တည်လာဖို့ များစွာတွန်းအားပေးတယ်ဆိုတာကို ငြင်းမရပါဘူး။ နိုင်ငံရေးစနစ်ကောင်းတစ်ရပ် တည်တံ့နိုင်ဖို့အတွက် နိုင်ငံသားတွေရဲ့တွေးခေါ်ပုံ၊ တန်ဖိုးထားပုံတွေက တိုက်ရိုက်သက်ရောက်စေတာ ဖြစ်ပါတယ်။ နိုင်ငံသားတွေရဲ့ တွေးခေါ်ပုံက နိုင်ငံရေးစနစ်ကောင်းတစ်ရပ် အားကောင်းမောင်းသန်ရှင်သန်ထွန်းကားရေးကို ကောင်းစွာအထောက်အပံ့ပြုမှုသာလျှင် နိုင်ငံရေးတည်ငြိမ်မှုကိုရော၊ တဖြည်းဖြည်း ပိုမိုခိုင်မာတောင့်တင်းလာမယ့်နိုင်ငံရေးစနစ်ကိုရော မျှော်မှန်းလို့ရနိုင်ပါလိမ့်မယ်။ အဲသလို လိုက်လျောညီထွေရှိမယ့် အတွေးအခေါ်မျိုး နိုင်ငံသားတိုင်းက တွေးခေါ်နိုင်ကြဖို့ဆိုရင် သူတို့ရဲ့ လူမှုဘဝအဆင့်အတန်းတွေ အတော်အတန်အဆင့်မီနေရပါလိမ့်မယ်။ ပညာရေးအဆင့်အတန်းကလည်း အတော်အတန် လူလူသူသူ ဖြစ်နေရပါလိမ့်မယ်။ ယဉ်ကျေးမှုအဆင့်အတန်းကလည်း နိုင်ငံရေးစနစ်ကောင်းတစ်ရပ်ကို ပံ့ပိုးနိုင်မယ့် နိုင်ငံသားချင်း လေးစားတန်ဖိုးထားမှုကို ဗဟိုပြုတဲ့

> **နိုင်ငံသားတွေရဲ့ နိုင်ငံရေးအသိပညာရေချိန်၊ စားဝတ်နေမှုအဆင့်အတန်း၊ ဥပဒေစည်းကမ်းနဲ့ ကျင့်ဝတ်တွေကို တန်ဖိုးထားမှုစတာတွေကို စီးပွားရေးအခြေအနေက တစ်နည်းတစ်လမ်းအားဖြင့် ပံ့ပိုးကူညီပေးနေပြီးတော့ ဒီအကြောင်းတရားကပဲ နိုင်ငံရေးစနစ်ကောင်းတစ်ရပ် တဖြည်းဖြည်းချင်းဖြစ်တည်လာဖို့ များစွာတွန်းအားပေးတယ်ဆိုတာကို ငြင်းမရပါဘူး။ နိုင်ငံရေးစနစ်ကောင်းတစ်ရပ် တည်တံ့နိုင်ဖို့အတွက် နိုင်ငံသားတွေရဲ့တွေးခေါ်ပုံ၊ တန်ဖိုးထားပုံတွေက တိုက်ရိုက်သက်ရောက်စေတာဖြစ်။**

ယဉ်ကျေးမှုအဆင့်အတန်းမျိုး ဖြစ်တည်နေရပါလိမ့်မယ်။ အဲသလိုအခြေအနေကို ရောက်ရှိနိုင်ဖို့ဆိုရင် သင့်တင့်တဲ့စီးပွားဖြစ်ထွန်းမှုကို ဖော်ဆောင်နိုင်လို့ စီးပွားရေးတည်ငြိမ်မှုကလည်း သင့်တင့်တဲ့အခြေအနေကို တဖြည်းဖြည်းရောက်ရှိနေဖို့ မဖြစ်မနေလိုအပ်ပါတယ်။

လူ့အဖွဲ့အစည်းရဲ့ အဆင့်အတန်းက ပေမမီဒေါက်မမီအခြေအနေမှာ နိုင်ငံရေးစနစ်ကောင်းတစ်ရပ် ပေါ်ပေါက်လာစေရေး အားထုတ်ကြရာမှာ စီးပွားရေးကို တစ်ဖက်က အတိုင်းအတာတစ်ခုအထိ အခြေအနေကောင်းအောင် တွန်းတင်ပြီးတော့ စီးပွားရေးတည်ငြိမ်မှုကို တစ်ပြိုင်နက်တည်း ဖန်တီးဖို့မလိုအပ်ဘူးလို့ ယူဆမယ်ဆိုရင်၊ တစ်နည်းအားဖြင့် နိုင်ငံရေးစနစ်ကောင်းတစ်ရပ်ကို အခိုင်အမာအုတ်မြစ်ချပြီးမှသာ စီးပွားရေးအပါအဝင် ကျန်တဲ့ကိစ္စတွေကို စဉ်းစားမယ်လို့ယူဆရင် ဒါဟာတော်တော်ကြီးစိတ်ကူးယဉ်ဆန်တဲ့ အတွေးအခေါ်သက်သက်သာ ဖြစ်ပါလိမ့်မယ်။ ကောင်းမွန်တဲ့ နိုင်ငံရေးစနစ်တစ်ရပ် အခြေခိုင်ဖို့အတွက် ကောင်းမွန်တဲ့လူ့အဖွဲ့အစည်းတစ်ရပ်မဖြစ်မနေလိုအပ်ပါတယ်။ ကောင်းမွန်တဲ့လူ့အဖွဲ့အစည်းဆိုတာဟာ စားဝတ်နေမှု အတော်အသင့်ဖူလုံပြီး ဘဝလုံခြုံမှုရှိရုံမက နိုင်ငံရေးစနစ်ကောင်းတစ်ရပ်မှာ ရှိသင့်ရှိထိုက်တဲ့ကျင့်ဝတ်တွေ၊ စည်းမျဉ်းတွေကို တန်ဖိုးထားတတ်တဲ့၊ တန်ဖိုးထားနိုင်တဲ့အခြေအနေရော၊ အသိပညာရော ပြည့်စုံတဲ့နိုင်ငံသားတွေနဲ့ ဖွဲ့စည်းထားတဲ့ လူ့အဖွဲ့အစည်းမျိုးကိုဆိုလိုခြင်းဖြစ်ပါတယ်။ ကောင်းမွန်တဲ့ အစိုးရတွေကိုရရှိနေပြီး ကောင်းမွန်တဲ့နိုင်ငံရေးစနစ်တစ်ရပ်ကို အခိုင်အမာထူထောင်ထားနိုင်တဲ့ နိုင်ငံတိုင်းမှာ ကောင်းမွန်တဲ့လူ့အဖွဲ့အစည်း သို့မဟုတ် ကောင်းမွန်တဲ့နိုင်ငံရေးစနစ်ကို ပျိုးထောင်နိုင်တဲ့၊ ထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့ ကောင်းမွန်တဲ့အစိုးရတွေကို ရွေးချယ်တင်မြှောက်နိုင်သော နိုင်ငံရေးဓလေ့ကောင်းမွန်စွာလွှမ်းမိုးနေတဲ့ လူ့အဖွဲ့အစည်းတွေ ရှိနေတတ်တာကို ကောင်းမွန်စွာနားလည်သဘောပေါက်ကြမယ်ဆိုရင် နိုင်ငံရေးစနစ်ကောင်းတစ်ရပ် ပိုင်ဆိုင်ကြဖို့အတွက် လမ်းစပေါ်ပြီလို့ ပြောလို့ရပါတယ်။

## ကမ္ဘာ့ဒုတိယအင်အားကြီးနိုင်ငံအဖြစ် ရောက်ရှိ

အာရှမှာ နိုင်ငံရေးစနစ်ကောင်းတွေကို တည်ထောင်နိုင်ကြတဲ့ နိုင်ငံတွေကို လေ့လာကြည့်ရင်လည်း နိုင်ငံရေးစနစ်ကောင်းဖို့နဲ့ စီးပွားဖြစ်ထွန်းဖို့ကို တစ်ပြိုင်နက်တည်း အားစိုက်လုပ်ကိုင်ဆောင်ရွက်နိုင်ကြတာမို့ နိုင်ငံရေးတည်ငြိမ်မှုနဲ့ စီးပွားရေးတည်ငြိမ်မှုအကြား အပြန်အလှန်အထောက်အပံ့ပြု ပံ့ပိုးပေးနိုင်ကြတာကို မြင်တွေ့နိုင်ပါတယ်။ ဥပမာအားဖြင့် ဂျပန်နိုင်ငံဟာ ဒုတိယကမ္ဘာစစ်အပြီးမှာ ပြာပုံဘဝကိုရောက်ရတဲ့အထိ ဆင်းရဲမွဲတေသွားခဲ့ရပြီးတော့ နိုင်ငံကို ပြန်လည်ထူထောင်ကြရာမှာ နိုင်ငံရေးစနစ်ကောင်းဖို့ကိုရော၊ စီးပွားရေးကောင်းမွန်တဲ့ အခြေခံကောင်းနဲ့ နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ကိုရော တစ်ပြိုင်နက်တည်း အင်တိုက်အားတိုက်ကြိုးပမ်းလုပ်ကိုင်ခဲ့ကြတာကြောင့် ၁၉၈၀ ပြည့်နှစ်များမှာ ကမ္ဘာ့ဒုတိယအင်အားကြီးနိုင်ငံအဖြစ် ရောက်ရှိလာခဲ့ပြီး ဒီကနေ့အထိ တည်တည်ငြိမ်ငြိမ်နဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ အင်အားကြီးနိုင်ငံအဖြစ် ရပ်တည်နေနိုင်တာ တွေ့ရပါလိမ့်မယ်။ တောင်ကိုရီးယားနိုင်ငံဟာ စီးပွားရေးစနစ်ကောင်းဖို့ကို နိုင်ငံရေးစနစ်ကောင်းဖို့ထက် တောင်မှ ပိုဦးစားပေးဆောင်ရွက်ခဲ့ပြီးတော့ စီးပွားရေးကောင်းလာတာနဲ့အမျှ နိုင်ငံရေးစနစ်ကိုလည်း တဖြည်းဖြည်းနဲ့ ပိုမိုတိုးတက်ကောင်းမွန်အောင် ကျကျနန ထူထောင်နိုင်ခဲ့ပြီးတော့ အာရှရဲ့ထိပ်တန်းနိုင်ငံအဖြစ် ရပ်တည်နေတာကို မြင်တွေ့နိုင်ပါတယ်။ စင်ကာပူ၊ မလေးရှားစတဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေဟာလည်း စီးပွားရေးစနစ်ကောင်းဖို့ စီးပွားရေးတည်ငြိမ်ပြီးတော့ နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ကို ပထမဦးစားပေးအနေနဲ့ ကြိုးစားလုပ်ကိုင်ဆောင်ရွက်လာတာကြောင့် တိုးတက်ဖွံ့ဖြိုးတဲ့နိုင်ငံတွေအဖြစ် ရပ်တည်နိုင်ကြတာ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒီနိုင်ငံတွေကိုကြည့်ရင် နိုင်ငံရေးရော စီးပွားရေးပါ တည်တည်ငြိမ်ငြိမ်ရှိပြီးတော့ နိုင်ငံသားတွေရဲ့ လူမှုဘဝတွေဟာလည်း အာမခံချက်ကောင်းကောင်းရှိနေကြတာကို မြင်တွေ့ရပါတယ်။

ဆိုလိုတာကတော့ နိုင်ငံရေးနဲ့စီးပွားရေးကို တဖြည်းဖြည်းနဲ့ ကောင်းသည်ထက်ကောင်းလာအောင်၊ တိုးတက်သည်ထက် တိုးတက်လာအောင် တစ်ပြိုင်နက်တည်း တည်ဆောက်ကြဖို့ဆိုတဲ့အရေးကို မျက်ခြည်မပြတ်ကြဖို့ပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာဟာ အင်မတန်မှကောင်းမွန်တဲ့ နိုင်ငံရေးစနစ်ဖြစ်သလောက် ဒီစနစ်ကို ပျိုးထောင်ဖို့ ကြိုးစားကြရတဲ့ ဘယ်နိုင်ငံအတွက်မဆို လွယ်လင့်တကူနဲ့ အောင်မြင်ဖြစ်ထွန်းတာ မရှိသလို ဒီနိုင်ငံရေးစနစ် ဖြစ်ထွန်းရေးနဲ့ တည်တံ့ရေးအတွက် လိုအပ်ချက်တွေဟာလည်း အင်မတန်မှ များပြားလှတာဖြစ်ပါတယ်။ ဒီမိုကရက်တစ်အင်စတီကျူးရှင်းတွေကို အမှန်တကယ် အမြစ်တွယ်ပြီး ခိုင်မာအောင်တည်ဆောက်နိုင်ရေး၊ နိုင်ငံသားတွေက ဒီမိုကရေစီယဉ်ကျေးမှုကို အမှန်တကယ် နှလုံးသွင်းလိုက်နာကျင့်ကြံကြရေး၊ ကောင်းမွန်သော၊ စွမ်းရည်ပြည့်ဝသော အစိုးရတွေကို ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် လုံလောက်သော နိုင်ငံရေးရေချိန်သို့ ရောက်ရှိရေး၊ နိုင်ငံရေးပါတီတွေကိုလည်း တောင့်တင်းခိုင်မာပြီး စွမ်းရည်ပြည့်ဝစေရန် တည်ဆောက်ရေး၊ တန်းတူညီမျှရှိသော ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ကို နိုင်ငံသားတွေအားလုံး အမှန်တကယ် ခံစားစံစားနိုင်ကြရေး၊ ဒီမိုကရေစီစနစ်ရဲ့ အဓိကဒေါက်တိုင်ကြီးဖြစ်တဲ့ တရားဥပဒေစိုးမိုးရေးကို နိုင်ငံရေးစနစ်ကလည်း အာမခံချက်အပြည့်အဝပေးနိုင်သလို နိုင်ငံသားတွေကလည်း တန်ဖိုးထားလိုက်နာဆောင်ရွက်လိုစိတ် အမှန်တကယ်ပြည့်ပြည့်ဝဝရှိလာရေးစတဲ့ လိုအပ်ချက်တွေကို အမှန်တကယ် ဖြည့်တင်းနိုင်ကြဖို့ဆိုရင် နိုင်ငံရေးတည်ငြိမ်မှုနဲ့ စီးပွားရေးတည်ငြိမ်မှုကို ကျကျနနဦးတည်ကြိုးပမ်းအကောင်အထည်ဖော်နိုင်ကြဖို့ပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဒီမိုကရေစီစနစ်ဟာ အမှန်တကယ် ထွန်းကားပေါ်ပေါက်လာစေရေးနဲ့ ရေရှည်တည်တံ့ခိုင်မာစေရေးအတွက်ဆိုရင် စိတ်ကူးယဉ်ဆန်တဲ့ နိုင်ငံရေးလောကနဲ့ ဘယ်လိုမှမဖြစ်နိုင်ဘူးဆိုတာကို နားလည်ကြဖို့ လိုအပ်ပါလိမ့်မယ်။ ဒီမိုကရေစီစနစ်ကို ရချင်တယ်ဆိုတဲ့ သာမန်စိတ်ဆန္ဒမျှနဲ့လည်း မရနိုင်သလို ချက်ချင်းရရှိလာခဲ့ရင်လည်း နေ့မြင်ညပျောက်ဒုက္ခရောက်နိုင်တဲ့ အနေအထားမျိုးလည်း ရှိတယ်ဆိုတာကို လေးလေးနက်နက် သိမြင်ကြဖို့လည်း လိုအပ်ပြန်ပါတယ်။ နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးခေါင်းဆောင်တွေနဲ့ နိုင်ငံသားတွေအားလုံးတို့က ကိုယ်စီကိုယ်င သက်ဆိုင်ကြတဲ့ နိုင်ငံရေးအသိအမြင်တွေ ပြည့်ဝစွာဖြည့်ဆည်းနိုင်ကြပြီးတော့ ဒီမိုကရေစီစနစ်ကနေ ရရှိသီးပွင့်လာမယ့် အခွင့်အရေးတွေကိုလည်း ခံစားလိုကြသလို ဒီနိုင်ငံရေးစနစ် အမှန်တကယ်ထွန်းကားနိုင်မယ့် အခြေအနေမျိုးကို ဝိုင်းဝန်းဖန်တီးကြရမယ်ဆိုတဲ့ နိုင်ငံရေးအသိ၊ နိုင်ငံရေးစိတ်ဓာတ်များကို ကိုယ်စီကိုယ်င မွေးမြူကြပြီးတော့ နိုင်ငံရေးစနစ်ကလည်း တစ်ဖက်မှ တဖြည်းဖြည်းဖြစ်ထွန်းလာပြီးနောက် တစ်ဖက်မှာ အဲဒီနိုင်ငံရေးစနစ် အမှန်တကယ် ရှင်သန်တည်တံ့နိုင်ရေး မဖြစ်မနေလိုအပ်တဲ့ စီးပွားရေးအခြေအနေဟာ တဖြည်းဖြည်းကောင်းသည်ထက်ကောင်းလာဖို့ကိုလည်း တစ်ချိန်တည်း တစ်ပြိုင်တည်း အလေးထားဆောင်ရွက်ကြရင် နိုင်ငံရေးတည်ငြိမ်မှုနဲ့ စီးပွားရေးတည်ငြိမ်မှုကို အခိုင်အမာ တည်ဆောက်နိုင်မှာဖြစ်တာကြောင့် ရရှိလာမယ့် နိုင်ငံရေးစနစ်ကောင်းတစ်ရပ်ကို ထာဝရတည်တံ့အောင် ထိန်းသိမ်းနိုင်ကြမှသာ အကောင်းဆုံးအနာဂတ်တစ်ခုကို ဖန်တီးတည်ဆောက်နိုင်ကြပြီး နောက်မျိုးဆက်တွေအတွက် အကောင်းဆုံးအမွေအနှစ်အဖြစ် လက်ဆင့်ကမ်းပေးအပ်ခဲ့နိုင်မှာ မုချဖြစ်ပါကြောင်း လေးစားစွာရေးသားတင်ပြလိုက်ပါတယ်။ ။

# ဇွန် ၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၅၉၅ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၁-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၀-၆-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၁-၆-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၄,၉၆၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၉၅)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၇၉,၆၆၆) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၈,၆၁၇) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၄၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၃,၇၅၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၂၆၅) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID-19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၁-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၆၇၀) ခု | (၄၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၄) ခု | (၅) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၇၄) ခု | (၂၀) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၅) ခု | - |
| ပြင်ဦးလွင်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၇၃) ခု | (၁) ဦး |
| လားရှိုးမြို့ အမှတ် (၉) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၈၃) ခု | (၂၆) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၈၈) ခု | (၂၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၁၀) ခု | (၁၀၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၄၇၇) ခု | (၃၆၉) ဦး |
| စုစုပေါင်း | (၄,၉၆၄) ခု | (၅၉၅) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၄၀၆၀၁၉ | ၂၈၇၁၁၃၁၅ | ၆၁၇၁၆၆ |
| ၂။ | အိန္ဒိယ | ၂၉၉၃၅၂၂၁ | ၂၈၈၄၄၁၉၉ | ၃၈၈၁၆၄ |
| ၃။ | ဘရာဇီး | ၁၇၉၂၇၉၂၈ | ၁၆၂၂၀၂၃၈ | ၅၀၁၉၁၈ |
| ၄။ | ပြင်သစ် | ၅၇၅၇၃၁၁ | ၅၅၅၆၅၈၆ | ၁၁၀၇၃၈ |
| ၅။ | တူရကီ | ၅၃၇၀၂၉၉ | ၅၂၃၂၆၃၈ | ၄၉၁၈၅ |
| ၆။ | ရုရှား | ၅၃၃၄၂၀၄ | ၄၈၇၈၃၃၃ | ၁၂၉၈၀၁ |
| ၇။ | ဗြိတိန် | ၄၆၃၀၀၄၀ | ၄၃၀၁၉၈၅ | ၁၂၇၉၇၆ |
| ၈။ | အာဂျင်တီးနား | ၄၂၆၈၇၈၉ | ၃၈၉၀၂၁၃ | ၈၉၀၄၃ |
| ၉။ | အီတလီ | ၄၂၅၂၉၇၆ | ၄၀၃၇၉၉၆ | ၁၂၇၂၇၀ |
| ၁၀။ | ကိုလံဘီယာ | ၃၉၄၅၁၆၆ | ၃၆၆၇၁၆၁ | ၉၉၉၃၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၂၀၀၄၄၄၅ | ၁၈၀၁၇၆၁ | ၅၄၉၅၆ |
| ၂။ | ဖိလစ်ပိုင် | ၁၃၆၄၂၃၉ | ၁၂၈၄၆၄၃ | ၂၃၇၄၉ |
| ၃။ | မလေးရှား | ၇၀၁၀၁၉ | ၆၃၃၆၂၄ | ၄၄၇၇ |
| ၄။ | ထိုင်း | ၂၂၁၃၀၆ | ၁၈၅၇၈၉ | ၁၆၅၈ |
| ၅။ | မြန်မာ | ၁၄၈၆၁၇ | ၁၃၃၇၅၃ | ၃၂၆၅ |
| ၆။ | စင်ကာပူ | ၆၂၄၃၀ | ၆၂၀၄၂ | ၃၄ |
| ၇။ | ကမ္ဘောဒီးယား | ၄၃၄၄၆ | ၃၈၀၀၃ | ၄၄၁ |
| ၈။ | ဗီယက်နမ် | ၁၃၄၈၃ | ၅၄၅၃ | ၆၇ |
| ၉။ | လာအို | ၂၀၅၄ | ၁၉၄၈ | ၃ |
| ၁၀။ | ဘရူနိုင်း | ၂၅၅ | ၂၄၄ | ၃ |

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန (COVID-19 Call Centre) ဖွင့်လှစ်ထားရှိ

**နေပြည်တော် ဇွန် ၂၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေး အသိပညာများ၊ လိုက်နာဆောင်ရွက်ရန် အချက်အလက်များနှင့် ပတ်သက်၍ ပြည်သူများအနေဖြင့် သိရှိလိုသည်များကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ဖြေကြားပေးနိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန (COVID-19 Call Centre) ကို ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့နံနက် (၀၈၀၀)နာရီမှစတင်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်-၄၊ နေပြည်တော်၌ ဖွင့်လှစ်ထားရှိမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိမိတို့သိရှိလိုသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာအချက်အလက်များကို အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ နေ့စဉ်နံနက်(၀၈၀၀)နာရီမှ ည(၂၁၀၀)နာရီအတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ဆက်သွယ်ရန်ဖုန်းနံပါတ်များ-
(၁) ၀၆၇-၃၄၁၁၅၀၈
(၂) ၀၆၇-၃၄၁၁၅၀၉
(၃) ၀၆၇-၃၄၁၁၁၄၄
(၄) ၀၉-၈၈၂၅၅၇၉၉၁
(၅) ၀၉-၈၈၂၅၅၇၉၉၂
(၆) ၀၉-၈၈၂၅၅၇၉၉၃

## ညောင်တုန်းမြို့နယ်၌ ပညာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**ညောင်တုန်း ဇွန် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ပညာရေးဝန်ထမ်းများအား ယမန်နေ့နံနက် ၉ နာရီမှစ၍ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ ပေးလျက်ရှိကြောင်း သိရသည်။



**ကာကွယ်ဆေးထိုးနှံ**

ထိုသို့ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်ပညာရေးဦးစီးဌာမှ ပညာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ စုစုပေါင်း ၅၄ ဦးကို ကာကွယ်ဆေးထိုးနှံခဲ့ပြီး မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်အား နေအိမ်တွင်နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

အမိန့်အမှတ် ၂၆၀ /၂၀၂၁
၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်တွင် COVID-19 ဓာတ်ခွဲ အတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်းမြင့်တက်လျက်ရှိပါသဖြင့် အဆိုပါမြို့နယ်တွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်။

၃။ အဆိုပါမြို့နယ်ရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် –

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် (အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စက်ရုံ၊အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများမပါ)၊
(ခ) မဖြစ်မနေဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊
(ဂ) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊
(ဃ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/ နှာခေါင်းစည်း (mask) တပ်ရန်၊
(င) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊
(စ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ/ဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊
(ဆ) အဆိုပါမြို့နယ်မှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များ သွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ (ဂ)နှင့် (စ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန်ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၂-၆-၂၀၂၁ ရက်၊ ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

# ပြည်သူများသိစေရန်အသိပေးကြေညာချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဝင်ရောက်လာမည့် ကုန်တင်ယာဉ်များနှင့်ခရီးသည်ယာဉ်များ သိရှိလိုက်နာဆောင်ရွက်ရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

(က) ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ အခြားတိုင်းဒေသကြီး/ပြည်နယ်များမှ ခရီးသွားပြည်သူများ လာရောက်ပါက အများပြည်သူအကျိုးကို ရှေးရှု၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော ကိုယ်အပူချိန်တိုင်းတာခြင်းလုပ်ငန်း လမ်းညွှန်အတိုင်း ဆောင်ရွက်ပြီး အပူချိန်မြင့်တက်ပါကလည်းကောင်း၊ သံသယလက္ခဏာများ တွေ့ရှိရပါကလည်းကောင်း၊ လက်ချောင်းထိပ်တွင် Pulse Oximeters ဖြင့် သွေးတွင်းအောက်ဆီဂျင် ($Sp\ O_2$) တိုင်းတာခြင်းအား ဆောင်ရွက်ပြီး $Sp\ O_2$ (၉၂%) အောက်ရှိသော ခရီးသွားများအား ခေတ္တနားနေစေ၍ ပြန်လည်တိုင်းတာရန်နှင့် ပြန်လည်တိုင်းတာရာတွင် သွေးတွင်းအောက်ဆီဂျင် (၉၂%) နှင့် အောက်ရှိပါက လည်းကောင်း၊ RDT ဖြင့် စစ်ဆေးဆောင်ရွက်မည်ဖြစ်ပြီး ဆေးစစ်ကုန်ကျစရိတ် သတ်မှတ်နှုန်းထားကို ကာယကံရှင်မှ ပေးဆောင်ရပါမည်။
(ခ) အထက်ပါကျန်းမာရေးစစ်ဆေးခြင်းအား ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့အဝင်/ အထွက် ဂိတ်များတွင် စစ်ဆေးသွားမည်ဖြစ်ပါသည်။
(ဂ) ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ဝင်ရောက်လာသော ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များဖြင့် လိုက်ပါလာသော ခရီးသွားပြည်သူများ၏ အမည်၊ နေရပ်လိပ်စာ၊ ခရီးသွားရာဇဝင်နှင့် တယ်လီဖုန်းနံပါတ်များအား မှတ်တမ်းရေးသွင်းရေးဆောင်ရွက်ပါမည်။
(ဃ) Stay at home သတ်မှတ်ထားသော မြို့နယ်များမှ ဝင်ရောက်လာသူများအား (၁၀)ရက် အသွားအလာကန့်သတ်ထားရှိပြီး (၃)ရက်မြောက်နေ့တွင် RDT Test kit ဖြင့် ပထမအကြိမ်၊ (၇) ရက်မြောက်နေ့တွင် RT-PCR ဖြင့် ဒုတိယအကြိမ်၊ စုစုပေါင်း (၂)ကြိမ် စစ်ဆေးပါမည်။
(င) ခရီးသည်များ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) များ စနစ်တကျတပ်ဆင်နိုင်ရေး ပညာပေးကြီးကြပ်ကြပ်မတ်ဆောင်ရွက်သွားပါမည်။
(စ) စစ်ဆေးရေးဂိတ်များတွင် COVID-19 Positive လူနာများတွေ့ရှိပါက လှည်းကူးဆေးရုံနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ကုသရေးစင်တာများသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေပါမည်။
(ဆ) COVID-19 ရောဂါပိုးတွေ့ရှိသူနှင့် ထိတွေ့ခဲ့သော Contact Person များကို လှည်းကူးဆေးရုံ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ကုသရေးစင်တာနှင့် အခြားသက်ဆိုင်သည့် မြို့နယ်များရှိ Community Based Facility Quarantine Center များသို့ ပို့ဆောင်၍ သွားလာမှုကန့်သတ်ဆောင်ရွက်ပါမည်။
(ဇ) စည်းကမ်းဖောက်ဖျက်သော ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ်နှင့် ခရီးသည်တင်ယာဉ်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ နောက်တစ်ကြိမ် လာရောက်ခွင့် ပိတ်ပင်ဆောင်ရွက်ပါမည်။
(ဈ) ရန်ကုန်တိုင်းဒေသကြီးအတွင်း COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကိုကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများအကျိုးကိုရှေးရှု၍ ပြည်သူများအကြားတွင် ရောဂါကူးစက်မှုအဆင့်ဆင့် ဆက်လက်မဖြစ်ပေါ်စေရေးအတွက် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကြရန်နှင့် လိုက်နာမှုမရှိပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID-19ရောဂါ ပြန့်ပွားမှု ထိန်းချုပ်ခြင်းလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့်မှတ်ယူပြီး လမ်းညွှန်ချက်များ၊ တားမြစ်ကန့်သတ်ချက်များကို ဤအသိပေးကြေညာချက်ထုတ်ပြန်သည့်နေ့မှစ၍ လိုက်နာဆောင်ရွက်ပေးသွားရန် အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**Coronavirus Disease 2019 (COVID-19)**
**ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၁ ရက်

# ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းများ ဖြန့်ဝေပေး

**ငပုတော ဇွန် ၂၁**
ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့၌ ပြည်သူများအနေဖြင့် နှာခေါင်းစည်းများ တပ်ဆင်သွားလာအသုံးပြုစေရေးနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ သွားလာနေထိုင်စေရေး အသိပညာပေးလှုပ်ရှားမှုကို ဇွန် ၂၁ ရက် နံနက်ပိုင်းက ငပုတောမြို့မဈေးနှင့် ဈေးတံတား၌ ပြုလုပ်သည်။

နှာခေါင်းစည်းတပ်ဆင်သွားလာရေးလှုပ်ရှားမှုတွင် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ပြည်သူများထံသို့ နှာခေါင်းစည်းများနှင့် ကိုဗစ်-၁၉ ရောဂါ အသိပညာပေး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့သည်။

ပြင်ပသို့သွားလာရာတွင် နှာခေါင်းစည်းတပ်ဆင်မထားခြင်း၊ တပ်ဆင်ထားသော်လည်း မေးစေ့တွင်ချိတ်ဆွဲခြင်းများ တွေ့ရှိပါက နှာခေါင်းစည်း သုံးခုပေး၍ ဒဏ်ကြေးငွေအဖြစ် ကျပ် ၃၀၀၀ ပြန်လည်ပေးဆောင်ရမည်ဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ အသိပေးထုတ်ပြန်ထားသည်။

**လှမင်းထွဋ်**
**(ပြန်/ဆက်)**



# ဂျပန်လူဦးရေ၏ ၁၇ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပေးပြီးဖြစ်

**တိုကျို ဇွန် ၂၁**

ဂျပန်နိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၁၇ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပေးပြီးဖြစ်ကြောင်း ဂျပန်အစိုးရက ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

ဂျပန်နိုင်ငံ၌ လူဦးရေ ၂၂၄၃၇၅၁၂ ဦးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးစီးကြောင်းနှင့် ယင်းအရေအတွက်သည် နိုင်ငံလူဦးရေ၏ ၁၇ ရာခိုင်နှုန်း ရှိကြောင်း ဇွန် ၂၁ ရက်တွင် ထုတ်ပြန်သည့် နောက်ဆုံးစာရင်းအင်းအချက်အလက်များက ဖော်ပြထားသည်။ ထို့ပြင် ဂျပန်နိုင်ငံ၌ ၉၁၅၄၅၁၈ ဦးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ယင်းအရေအတွက်သည် ဂျပန်နိုင်ငံ လူဦးရေ၏ ၇ ဒသမ ၂ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

လက်ရှိတွင် ဂျပန်နိုင်ငံ၏ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် ကလေးငယ်များ မပါဝင်သေးကြောင်း သိရသည်။ ဂျပန်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု လျော့ကျလာသည့်အတွက် တိုကျိုနှင့် အခြားသောခရိုင်ရှစ်ခုတို့၌ ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကို ဇွန် ၂၀ ရက်တွင် ရုပ်သိမ်းပေးခဲ့သည်။

သို့ရာတွင် အိုကီနာဝါခရိုင်၌ ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကို ဇူလိုင် ၁၁ ရက်အထိ ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- အလင်းသစ်**





# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၉ ဒသမ ၉၃ သန်းကျော်ရှိလာ

**နယူးဒေလီ ဇွန် ၂၁**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၃၂၅၆ ဦး ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၉၉၃၅၂၂၁ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ယင်းသို့ နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် ၆၀၀၀၀ အောက်ကျဆင်းခဲ့ခြင်းမှာ နှစ်ရက်ဆက်တိုက်ရှိသွားပြီဖြစ်ကြောင်းနှင့် လွန်ခဲ့သည့် ၈၈ ရက်တာကာလအတွင်း နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်မှုအနည်းဆုံးဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၄၂၂ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၃၈၈၁၃၅ ဦး ရှိလာကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၇၈၁၉၀ ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၂၈၈၄၄၁၉၉ ဦးရှိလာကြောင်းနှင့် လက်ရှိတွင် အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိဆဲလူနာ ၇၀၂၈၈၇ ဦးရှိကြောင်း သိရသည်။

မြို့တော်နယူးဒေလီသည် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အများဆုံးဒေသဖြစ်ပြီး ယခုနှစ် ဧပြီလနှင့် မေလတို့တွင် ရက်ပေါင်းများစွာအကြာ နေ့စဉ်ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် ၂၈၀၀၀ ကျော်ရှိခဲ့ရာမှ လွန်ခဲ့သည့် တစ်ရက်ကမူ နယူးဒေလီ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၄ ဦးသာရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ခုနစ်သိန်းကျော် ရှိလာ

**ကွာလာလမ်ပူ ဇွန် ၂၁**

မလေးရှားနိုင်ငံ၌ ယနေ့အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၆၁၁ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၇၀၁၀၁၉ ဦးရှိလာကြောင်း သိရသည်။

အလားတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၉ ဦးကို ထပ်မံတွေ့ရှိရသဖြင့် အဆိုပါရောဂါကြောင့် သေဆုံးသူ ၄၄၇၇ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် နောဟီရှန်အဗ္ဗဒူလာက ပြောကြားသည်။

မြို့တော် ကွာလာလမ်ပူအနီးရှိ ကလန်တောင်ကြားဒေသနှင့် ဆီလန်ဂေါပြည်နယ်တို့တွင် ရောဂါလက္ခဏာမပြသသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများကို တွေ့ရှိရကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံအတွင်းရှိ ကွာလာလမ်ပူမြို့နှင့် ဆီလန်ဂေါပြည်နယ်တို့တွင် တတိယအဆင့် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာဝန်ကြီး ကိုင်ရီဂျမာလူဒင်က ပြောကြားသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီအထိ ဆောင်ရွက်မည့် မလေးရှားနိုင်ငံ၏ ကာကွယ်ဆေးထိုးလုပ်ငန်းများ၌ ပထမအဆင့်တွင် ကျန်းမာရေးဝန်ထမ်းများ၊ ဒုတိယအဆင့်တွင် ရောဂါကူးစက် လွယ်သူများနှင့် တတိယအဆင့်တွင် အသက် ၁၈ နှစ်နှင့်အထက်ရှိ နိုင်ငံသားများအား ကာကွယ်ဆေးများအသီးသီး ထိုးနှံပေးသွားမည်ဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**



# လာအိုနိုင်ငံ၌ သက်ကြီးရွယ်အိုများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုစတင်

**ဗီယင်ကျန်း ဇွန် ၂၁**

လာအိုအစိုးရသည် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြင့် အသက် ၆၀ နှင့်အထက်ရှိ သက်ကြီးရွယ်အိုများအတွက် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ယနေ့မှစ၍ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် လာအိုကျန်းမာရေးဝန်ကြီးဌာနတို့သည် အသက် ၆၀ နှင့်အထက်ရှိ သက်ကြီးပိုင်းများနှင့် ရောဂါအခံရှိပြည်သူများကို တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြင့်ကာကွယ်ဆေးထိုးနှံပေးရန် ခွင့်ပြုထားကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ သတင်းအချက်အလက်နှင့် ပညာရေးစင်တာမှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

လာအိုအစိုးရ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖွယ်အန္တရာယ်များသောဝန်ထမ်းများ၊ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများနှင့် နိုင်ငံသားတချို့ကို Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြင့် ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း လာအိုနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးကော်မတီဒုတိယဥက္ကဋ္ဌ ကီကီယိုခေခမ်ဖီသွန်းက ပြောကြားသည်။

လက်ရှိအချိန်အထိ လာအိုနိုင်ငံ၌ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ပြီးသူ ခုနစ်သိန်းကျော်ရှိပြီး ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ပြီးသူ လေးသိန်းကျော် ရှိသည်။

လာအိုကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံ၏လူဦးရေ ၇ ဒသမ ၂ သန်းခန့်ရှိသည့်အနက် ၅၀ ရာခိုင်နှုန်းခန့်ကို ယခုနှစ်ကုန်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် ရည်ရွယ်ထားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- ဂျေတီ**

# ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၃၅ ဦး ထပ်မံတွေ့ရှိ

**ဖနောင်ပင် ဇွန် ၂၁**

ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၃၅ ဦးကို ယနေ့ ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၃၄၄၆ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

ယခုရောဂါထပ်မံကူးစက်ခံရသူများ၌ ပြည်တွင်းတွင် ရောဂါကူးစက်ခံရသူ ၇၀၈ ဦးရှိပြီး နိုင်ငံရပ်ခြားမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၇ ဦးရှိကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

အလားတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၀ ဦး ထပ်မံသေဆုံးသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူပေါင်း ၄၄၁ ဦးရှိပြီး ရောဂါမှပြန်လည်ကျန်းမာလာသူပေါင်း ၃၈၀၀၃ ဦးရှိသည်။ နိုင်ငံအတွင်း ကာကွယ်ဆေးထိုးလုပ်ငန်းကို ဖေဖော်ဝါရီ ၁၀ ရက်မှ စတင်ဆောင်ရွက်ခဲ့သည်။ နိုင်ငံအတွင်းရှိ အရွယ်ရောက်ပြီးသူ နိုင်ငံသား ၃ ဒသမ ၃၆ သန်းမှာ ကာကွယ်ဆေးပထမအကြိမ် ထိုးနှံပြီးဖြစ်ပြီး နိုင်ငံသား ၂ဒသမ ၇၃ သန်းမှာ ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပြီးစီးပြီးဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**



# Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ် ဘရူနိုင်းနိုင်ငံသို့ ရောက်ရှိ

**ဘန်ဒါဆရီဘီဂါဝန် ဇွန် ၂၁**

ဘရူနိုင်းနိုင်ငံက ဝယ်ယူထားသည့် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ နှစ်သိန်းအနက်မှ ပထမအသုတ်အဖြစ် အလုံးရေ ၅၀၄၀၀ သည် ဇွန် ၂၀ ရက်တွင် စပိန်နိုင်ငံမှတစ်ဆင့် ဘရူနိုင်းနိုင်ငံသို့ ရောက်ရှိလာကြောင်း ယနေ့သတင်းများအရ သိရသည်။

အမျိုးသားကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဆိုင်ရာ နည်းပညာကော်မတီက သိပ္ပံနည်းကျ အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များကို ပြုလုပ်ခဲ့ပြီးနောက် Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၏ ဘေးကင်းလုံခြုံမှုနှင့် အာနိသင်ထိရောက်မှုတို့ကြောင့် ဘရူနိုင်းနိုင်ငံ ဆေးဝါးထိန်းချုပ်ရေးအာဏာပိုင်အဖွဲ့က အရေးပေါ်အသုံးပြုရန် အတည်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း ဘရူနိုင်းနိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဘရူနိုင်းနိုင်ငံသည် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Johnson & Johnson ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ကို နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်တွင် အသုံးပြုသွားမည်ဖြစ်ကြောင်းလည်း ကြေညာသည်။

၂၀၂၁ ခုနှစ် ဇွန်လအထိ ကမ္ဘာတစ်ဝန်းကာကွယ်ဆေးထိုးနှံမှုတွင် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ သန်း ၂၀၀ ကျော်အား အသုံးပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ဘရူနိုင်းနိုင်ငံကလည်း နိုင်ငံသားအားလုံးအား Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် ဘရူနိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၅ ဦး၊ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၄၄ ဦး၊ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာရှစ်ဦးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ သုံးဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**






# အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄ ဒသမ ၂၆ သန်းကျော်ရှိလာ

**ဗျူနိုအေးရိစ် ဇွန် ၂၁**

အာဂျင်တီးနားနိုင်ငံ၌ ဇွန် ၂၀ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၃၉၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၄၂၆၈၇၈၉ ဦး ရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၀၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၈၉၀၄၃ ဦးရှိလာကြောင်း အာဂျင်တီးနားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အာဂျင်တီးနားကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ လက်ရှိတွင် နိုင်ငံတစ်ဝန်း၌ ကိုဗစ်- ၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၃၈၉၀၂၁၃ ဦး ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၂၈၉၅၃၃ ဦးရှိကြောင်း သိရသည်။

ထို့ပြင် နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၃၆၆ ဦးမှာ အရေးပေါ်ကြပ်မတ်ကုသဆောင်များတွင် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ အာဂျင်တီးနားနိုင်ငံ၌ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်အောက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၈၁၇၅၂၃၄ လုံးအသုံးပြုပြီးဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူ ၁၄၄၈၃၇၂၃ ဦး ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံပြီးသူ ၃၆၉၁၅၁၁ ဦးရှိကြောင်း သိရသည်။

အာဂျင်တီးနားနိုင်ငံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ရှိနေဆဲဖြစ်သည့်အတွက် ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်ရန် လူမှုဘဝခပ်ခွာခွာနေထိုင်ခြင်းစည်းမျဉ်းစည်းကမ်းများကို ဆက်လက်ချမှတ်ထားမည် ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁ ဒသမ ၃ သန်းကျော်ရှိလာ

**မနီလာ ဇွန် ၂၁**

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့အတွင်း ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၅၂၄၉ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၃၆၄၂၃၉ ဦးရှိလာကြောင်း ကျန်းမာရေး ဝန်ကြီးက ပြောကြားသည်။

အလားတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကြောင့် ၁၂၈ ဦး ထပ်မံသေဆုံးသဖြင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၃၇၄၉ ဦးရှိလာသည်။လူဦးရေ သန်း ၁၁၀ ကျော်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ နိုင်ငံသား ၁၃ သန်းကျော်အား ကိုဗစ်-၁၉ရောဂါ ရှိ မရှိ စစ်ဆေးပြီးစီးခဲ့ပြီးဖြစ်သည်။



နိုင်ငံအတွင်း အိန္ဒိယနိုင်ငံ၌ စတင်တွေ့ရှိခဲ့သည့် ဒယ်လ်တာ ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ လေးဦးကို ဇွန်၂၁ ရက်တွင် ထပ်မံတွေ့ရှိသည်။ ၎င်းဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် သုံးဦးမှာ ပင်လယ်ကူးသင်္ဘောဖြင့် နိုင်ငံသို့ပြန်လာသော ဖိလစ်ပိုင် နိုင်ငံသားများဖြစ်ပြီး ကျန်တစ်ဦးမှာ ဆော်ဒီအာရေဗျနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ ဖိလစ်ပိုင် နိုင်ငံသားတစ်ဦးဖြစ်သည်။

နိုင်ငံအတွင်း ဒယ်လ်တာ ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ စုစုပေါင်း ၁၇ ဦးရှိသည့်အနက် တစ်ဦးသာသေဆုံးပြီး ကျန်သူများမှာ ရောဂါမှ ပြန်လည်သက်သာလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် မာရီယာ ရိုဆီရီယို ဗာဂျီရီက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံအတွင်း ဒယ်လ်တာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့ခြင်းမှ တားဆီးနိုင်ရန်အတွက် နယ်စပ်ဒေသများတွင် အသွားအလာကန့်သတ်ရန် သမ္မတဒူတာတေးက တာဝန်ရှိသူများအား ညွှန်ကြားထားသည်။ နယ်စပ်ဒေသမှတစ်ဆင့် နိုင်ငံအတွင်းသို့ ဒယ်လ်တာ ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှု မရှိစေရေးအတွက် သက်ဆိုင်ရာ ဒေသန္တရအစိုးရများ အနေဖြင့် အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူ ဗာဂျီရီက ပြောကြားသည်။ နိုင်ငံအတွင်း ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုတားဆီးနိုင်ရေးအတွက် အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ အိုမန်နှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့မှ ခရီးသည်များကို ဇွန် ၃၀ ရက်အထိ ပြည်ဝင်ခွင့် ပိတ်ပင်ထားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

○

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
|---|---|---|---|
| | ၁၇၉၃၂၈၆၁၁ ဦး | ၃၈၈၃၅၈၀ | ၁၆၃၈၈၈၉၅၂ ဦး |

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်းကို အကြမ်းဖက်သူ နှစ်ဦးက မီးရှို့ဖျက်ဆီး

**နေပြည်တော် ဇွန် ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်းကို အကြမ်းဖက်သူ နှစ်ဦးက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၂ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၁၉)ရပ်ကွက်ရှိ အမှတ်(၃)အခြေခံပညာ မူလတန်းကျောင်းကို အကြမ်းဖက်သူ အမျိုးသား နှစ်ဦးက မီးရှို့ထွက်ပြေးသွား၍ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် သုံးစီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ကျောင်းဝင်း အတွင်းရှိ အလျား ပေ ၃၀၊ အနံ ပေ ၂၀ ရှိ စတိုခန်းတစ်လုံးနှင့် စတိုခန်းအတွင်းထားရှိသော စာရွက်စာတမ်းများ မီးလောင် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ မီးရှို့ထွက်ပြေးခဲ့သည့် အကြမ်းဖက်သူ နှစ်ဦးကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အချို့ရှိ “1 STOP SUPER MARKET” ဆိုင် သုံးဆိုင်ကို အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီး



မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ “1 STOP SUPER MARKET” အား အကြမ်းဖက်သူများက မီးရှို့ခဲ့၍ မီးလောင်မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇွန် ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျောက်တံတားမြို့နယ်များတွင် ဖွင့်လှစ်ထားရှိသော “1 STOP SUPER MARKET” ဆိုင်များကို အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးမှုများပြုလုပ် ခဲ့ကြောင်း သိရသည်။

ထိုသို့ဖျက်ဆီးခဲ့ရာတွင် ဇွန် ၂၀ ရက် နံနက် ၃ နာရီခွဲတွင် ဗဟန်း မြို့နယ် ဗိုလ်ချို (၂)ရပ်ကွက် ဖိုးစိန်လမ်း အမှတ်(၁၉-က)တွင် ဖွင့်လှစ် ထားရှိသော “1 STOP SUPER MARKET”၌ မီးလောင်မှု ဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း ၍ သွားရောက်မီးငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ ၅၃ မိနစ်တွင် မီးငြိမ်း သွားခဲ့ပြီး မီးလောင်မှုကြောင့် အဆိုပါဆိုင်၏ မျက်နှာကြက်နှင့် ဆိုင်အတွင်းရှိ စာရေးကိရိယာများ၊ ကလေးအသုံးအဆောင်ပစ္စည်းများ (စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀ သိန်းခန့်) မီးလောင်ဆုံးရှုံးခဲ့သည်။ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆိုင်အတွင်း ဆက်လက်စစ်ဆေး ခဲ့ရာ ဆိုင်ခန်းအတွင်းရှိ ကုန်ခြောက်ပစ္စည်းများထားသည့်နေရာတွင် မသင်္ကာဖွယ်အထုပ် တစ်ထုပ်တွေ့ရှိ၍ ဖွင့်ဖောက်စစ်ဆေးခဲ့ရာ Keypad ဖုန်းနှင့်တွဲလျက် လက်လုပ်မီးလောင်ဗုံးအား တွေ့ရှိရသဖြင့် သက်မဲ့ ပြုလုပ်ရှင်းလင်းခဲ့ကြောင်း သိရသည်။

ထို့အတူ နံနက် ၃ နာရီခွဲတွင်ပင် မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် အထက်ပုဇွန်တောင်လမ်း အမှတ်(၅၇၆/၆၁၂)တွင် ဖွင့်လှစ်ထားရှိသည့် “1 STOP SUPER MARKET” ၌လည်းကောင်း၊ နံနက် ၃ နာရီ ၄၅ မိနစ်တွင် ကျောက်တံတားမြို့နယ် အမှတ်(၇)ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ၃၉ လမ်းထောင့် အမှတ်(၂၅၉/၂၆၁)တွင် ဖွင့်လှစ် ထားသည့် “1 STOP SUPER MARKET”တွင်လည်းကောင်း မီးလောင်မှု များ ဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြသည်။

မီးလောင်မှုဖြစ်စဉ်များကြောင့် ပရိဘောဂပစ္စည်းအချို့နှင့် လူသုံးကုန်ပစ္စည်းအချို့ မီးလောင်ဆုံးရှုံးခဲ့ပြီး မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူ နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောစစ်ဆေးမှုများဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များထံမှ လက်နက်လုယူရန် ကြိုးစားခဲ့သူ အကြမ်းဖက်သမားများကို ခြောက်လှန့်ပစ်ခတ်ဖမ်းဆီး

**နေပြည်တော် ဇွန် ၂၁**

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်အချို့၌ လုံခြုံရေးတပ်ဖွဲ့ဝင် များထံမှ လက်နက်လုယူရန် ကြိုးစားခဲ့သူ အကြမ်းဖက်သမား များကို ခြောက်လှန့်ပစ်ခတ် ဖမ်းဆီးခဲ့ရကြောင်း သိရသည်။

**ဆေးကုသမှုခံယူ**

ဖြစ်စဉ်မှာ ဇွန် ၂၀ ရက် ည ၈ နာရီ ၃၅ မိနစ်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ကွင်းရပ်ရပ်ကွက်ရှိ ကျောက်မီးသွေး လမ်းဆုံမီးပွိုင့်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာဉ် စစ်ဆေးခြင်းများ ဆောင်ရွက် နေစဉ် ဈေးကြိုမီးပွိုင့်ဘက်မှ ကမ်းနားလမ်းဘက်သို့ အကြမ်း ဖက်သူ အမျိုးသား နှစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ် တစ်စီးရောက်ရှိလာပြီး လုံခြုံရေး တပ်ဖွဲ့ဝင်တစ်ဦးကို ဝင်တိုက်ကာ အဆိုပါ လုံခြုံရေးတပ်ဖွဲ့ဝင် ကိုင်ဆောင်သော ၃၈ ဗို့ သေနတ် အား လုယူ၍ ထွက်ပြေးရန် ပြုလုပ်စဉ် အခြားလုံခြုံရေး တပ်ဖွဲ့ဝင်တစ်ဦးက ခြောက်လှန့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ အဆိုပါ အကြမ်းဖက်သူ နှစ်ဦး၏ ရင်ဘတ် နှင့် နောက်ကျောတို့ ထိမှန်ဒဏ်ရာ များဖြင့် အသေဖမ်းဆီးရမိခဲ့ပြီး ဆိုင်ကယ်ဖြင့် အတိုက်ခံရသော လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးသည် ဒဏ်ရာ အနည်းငယ်ရရှိခဲ့သဖြင့် မော်လမြိုင်ဆေးရုံကြီးသို့ ပို့ဆောင် ဆေးကုသမှု ခံယူစေလျက် ရှိသည်။



တရားခံ နိုင်မျိုးအောင်

**သေနတ်အားလုယူရန် ကြိုးစား**

အလားတူ ည ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကူး မြို့နယ် လက်ပန်လှကျေးရွာ မန္တလေး-မိုးကုတ်သွား ကား လမ်းမပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်း၌ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် လုံခြုံရေး ဆောင်ရွက်နေစဉ် မိုးကုတ်ဘက်မှ မန္တလေးဘက်သို့ စဉ့်ကူးမြို့နယ် ပြည်စိုးအောင်ကျေးရွာနေ နိုင်မျိုး အောင် (၂၃)နှစ် မောင်းနှင်ပြီး တစ်ရွာတည်းနေ ကျော်မျိုးတို့ စီးနင်းလာသည့် ဆိုင်ကယ်တစ်စီး ရောက်ရှိလာပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များကို မကြားဝံ့မနာသာ ဆဲဆိုကြိမ်းမောင်း၍ မန္တလေး ဘက်သို့ မောင်းနှင်ထွက်ပြေး သွားခဲ့သည်။ ည ၁၀ နာရီ ၄၅ မိနစ်တွင် အဆိုပါအမျိုးသား နှစ်ဦးမှာ ကျောင်းရှေ့သို့ ထပ်မံ ရောက်ရှိလာသဖြင့် လိုအပ်သော စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက် စဉ် ဆိုင်ကယ်နောက်မှ လိုက်ပါ လာသူက ဆိုင်ကယ်ပေါ်မှဆင်း၍ အနီးတွင်ရပ်နေသည့် အရာရှိအား ဝင်ရောက်လုံးထွေးကာ ပစ္စတို သေနတ်အား လုယူရန် ကြိုးစား လာသဖြင့် တပ်ဖွဲ့ဝင်တစ်ဦးက ခြောက်လှန့်ပစ်ခတ်ခဲ့ရာ သေနတ် လုယူသူ ကျော်မျိုးသည် ထိမှန် ဒဏ်ရာ ရရှိသေဆုံးခဲ့ပြီး ဆိုင်ကယ် မောင်းနှင်သူ နိုင်မျိုးအောင်အား ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ စီးနင်း လာသော ဆိုင်ကယ်အား စစ်ဆေး ခဲ့ရာ အဆိုပါ ဆိုင်ကယ်တူးဘောက် အတွင်းမှ SHARK အချိုရည် ဘူးခွံဖြင့် ပြုလုပ်ထားသည့် လက်လုပ်ဗုံး နှစ်လုံးနှင့် အရိုး အသွား ၁၀ လက်မခန့်ရှိ ဓားဦးချွန် တစ်ချောင်းတို့ကို သိမ်းဆည်း ရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ သေဆုံး ခဲ့သူများနှင့်ပတ်သက်၍ ရဲလုပ်ငန်း များနှင့်အညီ သေမှုသေခင်း ရေးဖွင့် ဆောင်ရွက်၍ ဖမ်းဆီးရမိသူ များအား ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■

# မြို့နယ်အချို့၌ အပြစ်မဲ့ပြည်သူများကို အကြမ်းဖက်သူများက တူမီးသေနတ်၊ ဓားများဖြင့် ချောင်းမြောင်းပစ်ခတ်၊ ထိုးခုတ်တိုက်ခိုက်

**နေပြည်တော် ဇွန် ၂၁**

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်အချို့၌ လူမှုကူညီရေးယာဉ်နှင့် ယာဉ်မောင်းများ၊ အေးချမ်းစွာနေထိုင်သော ပြည်သူများကို အကြမ်းဖက် သူများက တူမီးသေနတ်၊ ဓားများဖြင့် ချောင်းမြောင်း ပစ်ခတ်၊ ထိုးခုတ် တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ဇွန် ၁၉ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် သနပ်ကုန်း-ငါးပယ်ကျေးရွာ ချင်းဆက်လမ်း၌ “ရေစကြိုမြို့နယ် သာဂေါင်းကျေးရွာ စံပြလူမှုကူညီရေး အသင်း” စာတန်းပါ ယာဉ်တစ်စီးနှင့် အဆိုပါယာဉ်အနီးတွင် အမျိုးသား အချို့ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။ ထိုသို့ သွားရောက် စစ်ဆေးခဲ့ရာ သနပ်ကုန်း-ငါးပယ်ကျေးရွာချင်းဆက်လမ်းပေါ် သနပ်ကုန်း ကျေးရွာနှင့် တစ်ဖာလုံခန့်အကွာရှိ သနပ်ကုန်းတံတားအနီး၌ စံပြလူမှု ကူညီရေးအသင်းယာဉ်နှင့် ယာဉ်မောင်းထိုင်ခုံတွင် ရေစကြိုမြို့နယ် သာဂေါင်းကျေးရွာနေ လှိုင်လင်းထက် (၃၈)နှစ် (ဘ)ဦးမိုးဆန်းသည် မျက်လုံးထွက်၊ ဝမ်းဗိုက်ကျည်ထိမှန်ဒဏ်ရာ၊ နောက်ကျောထိုးသွင်းဒဏ်ရာ တို့ဖြင့်လည်းကောင်း၊ ယာဉ်၏အနီး မြေသားလမ်းပေါ်တွင် တစ်ရွာ တည်းနေ မျိုးသန့်ထွန်း(၂၃)နှစ် (ဘ)ဦးမြင့်ဝင်းနှင့် ငြိမ်းချမ်းအောင်(၁၈) နှစ် (ဘ)ဦးသန်းဇော်မင်းတို့ နှစ်ဦးမှာ ဦးခေါင်းပေါက်ပြဲ၊ ယာနားထင်၊ ဝမ်းဗိုက်နှင့် ယာလက်မောင်းတို့တွင် သေနတ်ထိမှန်ဒဏ်ရာများ အသီးသီး ရရှိ၍ သေဆုံးနေသည်ကို တွေ့ရှိရပြီး အခင်းဖြစ်နေရာအနီးမှ ကျည်ခွံ တစ်ခု၊ အခင်းဖြစ်နေရာအနီးရှိ လမ်းပေါ်တွင် ကားဘီးပေါက်စေရန် ပြုလုပ်ထားသည့် ကြက်ခြေခတ်ပုံသဏ္ဌာန် နှစ်လက်မသံဆူးချောင်း ကိုးချောင်းတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ရုပ်အလောင်းများကို ကျောက်ရစ်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ထားရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် အေးချမ်းစွာနေထိုင်သော ပြည်သူများကို အကြမ်းဖက်သူများက ငါနှင့်မတူ ငါ့ရန်သူဟူသည့် တစ်ဖက်သတ် အစွန်းရောက်ဂိုဏ်းဂဏစွဲအပေါ်အခြေခံကာ အကြောင်းမဲ့ ရက်စက် ယုတ်မာစွာ လုပ်ကြံခဲ့မှုများ ကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# တောင်သူအကျိုး ဝင်ငွေတိုးဖို့ တိရစ္ဆာန်အစာပင် စိုက်ပျိုးစို့

ကျေးရွာများမှ တိရစ္ဆာန်မွေးမြူသည့် တောင်သူများကို တိရစ္ဆာန်အစာပင်များ စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် နွားစာချဉ်ဖတ်ပြုလုပ်ခြင်းဆိုင်ရာသင်တန်းများကို ကျွမ်းကျင်ပညာရှင်များက ပို့ချနေသည်။

သင်တန်းတွင် တိရစ္ဆာန်အစာပင်များ စိုက်ပျိုးရန် မြေပြုပြင်ခြင်းနှင့် နွားစာပင်များအကြောင်း၊ နွားစာပင်စိုက်ပျိုးခြင်း(လက်တွေ့)၊ နွားစာခင်းထိန်းသိမ်းပြုပြင်ခြင်း၊ မြက်ချဉ်ဖတ်ပြုလုပ်ခြင်း သင်တန်းများကို စာတွေ့လက်တွေ့ ပြသသင်ကြားပေးနေသည်။

အဆိုပါသင်တန်းကို တိရစ္ဆာန်စားပင်စိုက်ပျိုးပြီး မွေးမြူရေးလုပ်ငန်း လုပ်ဆောင်နေသည့် မကွေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းများ အပါအဝင် ၁၂ ဦးကို ၄ ရက်တာ တိရစ္ဆာန်အစာပင်များ စိုက်ပျိုးနည်း သင်တန်းပေးနေခြင်းဖြစ်သည်။

"ဒီသင်တန်းကို တက်လိုက်ခြင်းအားဖြင့် ဘာပင်တွေဆိုတာ ပိုပြီးသေသေချာချာ သိသွားမယ်။ သူတို့ဒေသတွေမှာ ဘယ်အစာတွေနဲ့ ကိုက်ညီတယ်ဆိုတာ နားလည်သွားမယ်။ ဘယ်အစာက အပူပိုင်းဒေသနဲ့ ကိုက်ညီတယ်။ ဘယ်တိရစ္ဆာန်စားပင်ကတော့ အေးတဲ့နေရာမှာ စိုက်ပျိုးလို့ရတယ်။ ဘယ်တိရစ္ဆာန်စားပင်ကတော့ မိုးများတဲ့နေရာမှာ စိုက်ပျိုးလို့ရတယ် စသဖြင့် အဲဒါလေးတွေကို သိရှိနားလည်သွားမှာဖြစ်ပါတယ်" ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ပြောသည်။

**အသိပညာများဆက်လက်ဖြန့်**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် တိရစ္ဆာန်အစာပင် စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် နွားစာချဉ်ဖတ်ပြုလုပ်ခြင်းဆိုင်ရာ သင်တန်းကို ပထမအကြိမ် ဖွင့်လှစ်ခြင်းဖြစ်ပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တောင်သူများကိုလည်း ဖိတ်ခေါ်၍ အသိပညာများ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိရစ္ဆာန်အစာပင် စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် နွားစာချဉ်ဖတ်ပြုလုပ်ခြင်းဆိုင်ရာ သင်တန်းတက်ရောက်နေသည့် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်မှ ဦးမြင့်လွင်က "ကျွန်တော်တို့ဒေသက မိုးနည်းဒေသဖြစ်တဲ့အတွက် တိရစ္ဆာန်အစာရှားတယ်။ အရင်က သမားရိုးကျအတိုင်းပဲ နွားကိုလွှတ်ကျောင်းတယ်။ နွားတွေက ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးဘူး။ ဒီသင်တန်းမှာတော့ တောင်သူတွေ တိရစ္ဆာန်အစာအတွက် အခက်အခဲမဖြစ်အောင် အစာကို စနစ်တကျ စိုက်ပျိုးတတ်အောင်၊ ရရှိလာတဲ့ အစာကိုလည်း နှစ်ရှည်သိုလှောင်ပြီး ကျွေးနိုင်အောင် နည်းပညာတွေကို သင်တန်းပေးပါတယ်"

"အခုတော့ တိရစ္ဆာန်အစာကို စနစ်တကျ အာဟာရဖြစ်အောင်၊ ဖွံ့ဖြိုးအောင် ကျွေးရတယ်ဆိုတာသိလာပြီ။ ကျွန်တော်က နွားတွေနဲ့ ဆိတ်တွေ မွေးမြူထားပါတယ်။ ဒီအတွက် ကျွန်တော်ကိုယ်တိုင်လည်း စနစ်တကျစိုက်ပျိုးသွားမယ်။ ပြီးတော့ ဒီသင်တန်းကရရှိလာတဲ့ အသိပညာတွေကို ကျွန်တော်တို့ဒေသက တောင်သူတွေကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီး တခြားသူတွေကိုလည်း စိုက်ချင်လာအောင် ထပ်ဆင့်မျှဝေသွားမှာဖြစ်ပါတယ် " ဟု ပြောသည်။



**ကြီးထွားမှုနှေးကွေး**

မြန်မာနိုင်ငံရှိ ကျွဲ၊ နွားများသည် အာဟာရဓာတ်နည်းပါးပြီး ဖွံ့ဖြိုးမှုမရှိသော အစာများကိုသာ စားသုံးကာ ရှင်သန်နေရသဖြင့် ကြီးထွားမှုနှေးကွေးပြီး အရွယ်ရောက်မှု နောက်ကျနေသည်။ ထို့ကြောင့် ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်း ထွန်းကားလိုလျှင် အာဟာရဓာတ်မြင့်မားပြီး အထွက်နှုန်းကောင်းသည့် တိရစ္ဆာန်အစာပင်များကို စိုက်ပျိုးထုတ်လုပ်ကာ မွေးမြူသင့်သည်။

တိရစ္ဆာန်အစာပင်ဆိုရာတွင် ကျွဲ၊ နွား၊ သိုး၊ဆိတ်များ၏ အစာအဖြစ် အသုံးပြုနိုင်သော စားကျက်မြေများ၊ စားကျက်ပဲနွယ်ပင်များ၊ လူတို့စားသုံးရန် အဓိက စိုက်ပျိုးသော်လည်း ဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုနေကြခြင်းဖြစ်သည်။

တိရစ္ဆာန်အစာပင်များ စိုက်ပျိုးရာတွင် တိရစ္ဆာန်များအတွက် အရသာကောင်းခြင်း၊ အစာစားချင်စိတ်မြင့်မားခြင်း၊ အထွက်နှုန်းမြင့်မားခြင်း၊ အာဟာရဓာတ်မြင့်မားခြင်း (အသားဓာတ်/ စွမ်းအင်ဓာတ်)၊ စိုက်ပျိုးမည့်ဒေသ၏ ရာသီဥတုနှင့် မြေအမျိုးအစား ကိုက်ညီမှုရှိခြင်း၊ အသုံးချခြင်း(ရိတ်ကျွေးခြင်း၊ လွှတ်ကျောင်းခြင်း၊ မြက်ခြောက်/ချဉ်ဖတ်) ပြုလုပ်ခြင်း စသည့်အချက်များကို ထည့်သွင်းစဉ်းစား စိုက်ပျိုးကာ ကျွေးမွေးသင့်သည်။

**တိရစ္ဆာန်အစာပင်များ စိုက်ပျိုးရာတွင် တိရစ္ဆာန်များအတွက် အရသာကောင်းခြင်း၊ အစာစားချင်စိတ်မြင့်မားခြင်း၊ အထွက်နှုန်းမြင့်မားခြင်း၊ အာဟာရဓာတ်မြင့်မားခြင်း (အသားဓာတ်/ စွမ်းအင်ဓာတ်)၊ စိုက်ပျိုးမည့်ဒေသ၏ ရာသီဥတုနှင့် မြေအမျိုးအစား ကိုက်ညီမှုရှိခြင်း၊ အသုံးချခြင်း (ရိတ်ကျွေးခြင်း၊ လွှတ်ကျောင်းခြင်း၊ မြက်ခြောက်/ ချဉ်ဖတ်) ပြုလုပ်ခြင်း စသည့်အချက်များကို ထည့်သွင်းစဉ်းစား စိုက်ပျိုးကာ ကျွေးမွေးသင့်**

မြန်မာနိုင်ငံတွင် နေပီယာမြက်နှင့် မွန်ဘားဆားမြက်မျိုးများကို တိရစ္ဆာန်အစာအဖြစ် အများဆုံး စိုက်ပျိုးလေ့ရှိသည်။ နေပီယာမြက်သည် မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်ပြီး အထွက်နှုန်းကောင်းမွန်ခြင်း၊ အာဟာရတန်ဖိုးမြင့်မားခြင်းတို့ကြောင့် မွေးမြူရေးတောင်သူများ စိုက်ပျိုးရန်နှစ်သက်သော မြက်မျိုးဖြစ်သည်။

**အစာလိုအပ်ချက်ကိုပြည့်စုံနိုင်မည်**

နေပီယာမြက်မျိုးကို စတင်စိုက်ပျိုးချိန်မှ ရက် ၉၀ ခန့်တွင် ရိတ်သိမ်းနိုင်ပြီး တစ်နှစ်လျှင်ငါးကြိမ်ခန့် ရိတ်သိမ်းနိုင်ခြင်းဖြင့် တစ်ဧကလျှင် တန် ၁၀၀ ခန့် ထွက်ရှိနိုင်သည်။ တစ်ခါစိုက်ပျိုးပြီးပါက ၈ နှစ်ခန့်ကြာအောင် ရိတ်သိမ်းနိုင်ပြီး မြေဧက ၁၀ ဧက စိုက်ပျိုးထားပါက နွားကောင်ရေ ၁၀၀ မှ ၁၅၀ အထိ မွေးမြူထားသော ခြံအတွက် အစာလိုအပ်ချက်ကို ပြည့်စုံနိုင်မည်ဖြစ်သည်။

ထို့အတူ မွန်ဘားဆား မြက်မျိုးသည်လည်း အပင်ဖြစ်နှုန်းမြန်ခြင်း၊ အရွက်များခြင်း၊ အကြမ်းခံခြင်း၊ အထွက်နှုန်းကောင်းခြင်းတို့ကြောင့် တောင်သူများ စိုက်ပျိုးရန် နှစ်သက်ကြပြီး မန္တလေး၊ စစ်ကိုင်း၊ ရန်ကုန်၊ ဧရာဝတီ၊ မကွေး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် စိုက်ပျိုးကြသည်။

အလားတူ Mulato II Grass, Paspalum Atratum Grass, Splenda Setaria Grass, Pangola Grass, Puzu Grass, Para Grass စသည့်မြက်မျိုးများ၊ ပဲမျိုးနွယ်ပင်များနှင့် နွားစာပြောင်းမျိုးကိုလည်း တိရစ္ဆာန်အစာအဖြစ် ဒေသအလိုက် ဖြစ်ထွန်းမှုအပေါ်မူတည်၍ စိုက်ပျိုးကြသည်။

မြန်မာနိုင်ငံတွင် နေပီယာနှင့် မွန်ဘားဆား မြက်မျိုးများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် စာရင်းဇယားများအရ ပုဂ္ဂလိကကဏ္ဍမှ ၂၂၅၆ ဧက၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ၁၅၇ ဒသမ ၄၁၂ ဧက၊ အခြားဌာန ၁၆၅ ဒသမ ၇၄၀ ဧက စုစုပေါင်း ၂၅၇၉ ဒသမ ၃၇၇ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။

တိရစ္ဆာန်အစာပင်စိုက်ပျိုးမှုနှင့် ပတ်သက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် နယူးဇီလန်နိုင်ငံအစိုးရတို့ ပူးပေါင်းဆောင်ရွက်သော မြန်မာ-နယူးဇီလန် ကောင်းမွန်သော နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေး

**ကေတာ**

စီမံကိန်းမှ မြက်ကိုးမျိုး၊ ပဲမျိုးနွယ် ၁၀ မျိုးနှင့် ရာသီအလိုက် စိုက်ပျိုးနိုင်သည့် နွားစာပင်သုံးမျိုးကို သုတေသနပြုလုပ်ထားကြောင်း သိရသည်။

တိရစ္ဆာန်အစာ၏ အရည်အသွေး၊ ကျွေးမွေးသည့် ပမာဏနှင့် ကျွေးမွေးသည့် နည်းစနစ်တို့သည် တိရစ္ဆာန်၏ ကြီးထွားနှုန်း၊ ကျန်းမာရေးနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ( အသား၊ နို့) စသည်တို့ အပေါ် များစွာလွှမ်းမိုးလျက်ရှိသည်။ တိရစ္ဆာန်၏ အသက်အရွယ်နှင့် ဇီဝကမ္မဖြစ်စဉ်အလိုက် လိုအပ်သော အာဟာရတန်ဖိုးများပါဝင်သည့် အစာကို အလေအလွင့်မရှိဘဲ ကျွေးမွေးခြင်းသည် မွေးမြူရေးလုပ်ငန်းတစ်ခု အောင်မြင်ရန်အတွက် အဓိကသော့ချက်ဖြစ်သည်။

ထို့အပြင် စိုက်ပျိုးနည်း၊ ထိန်းသိမ်းပြုပြင်နည်း၊ ရိတ်သိမ်းကျွေးမွေးနည်း၊ သိုလှောင်သိမ်းဆည်းနည်းစနစ်များ၊ မြက်ချဉ်ဖတ်ပြုလုပ်နည်းများကို လူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ပူးပေါင်း၍ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

**ကြာရှည်ထားလို့ရတဲ့ ချဉ်ဖတ်**

"တိရစ္ဆာန်စားပင်စိုက်ပျိုးတဲ့အခါမှာ တစ်ရာသီမှာ စိုက်ပျိုးလို့ အများကြီးရသွားပြီဆိုရင် ဒီတစ်ရာသီနဲ့တင် ကျွေးလို့မကုန်ပါဘူး။ ဒီဟာကို သိမ်းဆည်းထားဖို့လိုအပ်တယ်။ သိမ်းထားဖို့လိုတဲ့ဟာကို ဘယ်လိုသိမ်းထားမလဲဆိုတဲ့အခါ အချဉ်လုပ်ပြီး သိမ်းထားဖို့လိုတယ်။ ချဉ်ဖတ်ကတော့ အမျိုးမျိုးရှိတယ်။ ကြာရှည်ထားလို့ရတဲ့ ချဉ်ဖတ်နဲ့ ရက်တိုထားလို့ရတဲ့ ချဉ်ဖတ်ဆိုပြီးရှိတယ်။ သာမန်အားဖြင့် သုံးလ၊ လေးလခံပြီးတော့ သေသေချာချာလုပ်ရင်တော့ လေးနှစ်၊ ငါးနှစ်အထိ အထားခံပါတယ်။ ဒီသင်တန်းမှာတော့ ကြာရှည်ထားလို့ရတဲ့ ချဉ်ဖတ်အကြောင်းကို သင်ကြားပေးသွားမှာဖြစ်ပါတယ်။ တောင်သူတွေ စိုက်ပျိုးတဲ့ မြက်ချဉ်ဖတ်၊ ပြောင်းချဉ်ဖတ် စသဖြင့် အမျိုးမျိုးပေါ့" ဟု မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ရှင်းပြသည်။

တိရစ္ဆာန်အစာအတွက် မြက်အစို (သို့မဟုတ်) နွားစာပင်အစိုကို နုပ်နုပ်စဉ်း၍ ချဉ်ဖတ်ကျင်းသို့မဟုတ် အိတ်အတွင်းတွင် စနစ်တကျ လေလုံအောင် ဖိသိပ်ကာ အစာချဉ်ဖတ် ပြုလုပ်ထားနိုင်သည်။ အစာချဉ်ဖတ်ကို အစာအစိုမရနိုင်သည့် ခြောက်သွေ့ကာလများတွင် မြက်အစိုကျွေးသည့်အတိုင်း အာဟာရတန်ဖိုးမြင့်မားစွာ ကျွေးမွေးနိုင်ရန်အတွက် ပြုလုပ်ရခြင်းဖြစ်သည်။

ထိုသို့ တောင်သူများအနေဖြင့် မြေလွတ်မြေကွက်လပ်များတွင် တိရစ္ဆာန်အစာများ စိုက်ပျိုးထုတ်လုပ်နိုင်ပါက အစာနလိုအပ်ချက်နှင့် အစာကုန်ကျစရိတ်ကို လျှော့ချနိုင်ပြီး မွေးမြူရေးမှအကျိုးအမြတ်များ ပိုမိုရရှိလာမည်ဖြစ်သည်။

ထို့ကြောင့် တောင်သူများအနေဖြင့် တိရစ္ဆာန်အစာပင်များ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် အရည်အသွေးပြည့်ဝသည့် မွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်လာနိုင်မည့်အပြင် မွေးမြူရေးလုပ်ငန်းမှ ဝင်ငွေပိုမိုရရှိလာတော့မည်ဖြစ်ရာ တောင်သူတစ်ဦးချင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးမှသည် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူပြုနိုင်တော့မည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရေးဆွဲပြုစုနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ထားဝယ် ဇွန် ၂၁**

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရေးဆွဲပြုစုနိုင်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်က ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရေးဆွဲပြုစုနိုင်ရေးနှင့် လုပ်ငန်းပြီးစီးနိုင်ရေးအတွက် ဦးတည်ပြီး တာဝန်ခံအရာရှိများအနေဖြင့် မိမိမူပိုင်၊ သဘောထားများကို စီမံကိန်းရေးဆွဲရေးဦးစီးဌာနသို့ ငွေလုံးငွေရင်းကိစ္စရပ်များ ရေးဆွဲပေးစေလိုကြောင်းပြောကြားပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကြီးက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်မြင့်က ယနေ့ပြုလုပ်သည့် အစည်းအဝေးသည် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်မတ်လကုန်အထိ ဒေသန္တရစီမံ ကိန်းပြုစုရေးဆွဲရေးအတွက် ဖြစ်ကြောင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်း အောက်တိုဘာလမှ စက်တင်ဘာလကုန်အထိ အဆိုပြုရည်မှန်းချက်များကိုပြုစု၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာနသို့ပေးပို့ခဲ့ပြီးဖြစ်သော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏လမ်းညွှန်ချက်နှင့်အညီ ဘဏ္ဍာရေးနှစ်ကို ဧပြီ ၁ ရက်မှ မတ် ၃၁ ရက်ထိ ပြင်ဆင်သတ်မှတ်မည်ဖြစ်၍ ခြောက်လအတွက် ပြုစုရေးဆွဲရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍တက်ရောက်လာသောဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရေးဆွဲပြုစုနိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# မင်းဘူးနှင့် ပွင့်ဖြူမြို့နယ်တို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**မကွေး ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်သည် အဖွဲ့ဝင်(၄)ဦးစိုးပိုင်မြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါကာ ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက မင်းဘူး (စကု)မြို့နယ် မန်းရွှေစက်တော်ရာဘုရားသို့ ရောက်ရှိပြီး ဓမ္မာရုံရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်၍ သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံသို့ ရောက်ရှိပြီး ဆည်ရေဝင်ရောက်မှု၊ စိုက်ပျိုးရေပေးဝေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တောင်သူများ စိုက်ပျိုးရေ အချိန်မီရရှိရန်နှင့် စိုက်ပျိုးရေကို အကျိုးပြုဧကအားလုံး ပေးဝေနိုင်ရေးအတွက် အလေးထားဆောင်ရွက်ပေးကြရန် တာဝန်ရှိသူများအားမှာကြားခဲ့သည်။

ထို့နောက် မဲဇလီရေလွှဲဆည်သို့ ရောက်ရှိခဲ့ပြီး ရေလွှဲဆည်မှတစ်ဆင့် တောင်မုန်း၊ မြောက်မုန်း မြောင်းမကြီးများသို့ ရေပေးဝေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ လိုက်လံပြသခဲ့မှုအပေါ် လိုအပ်သည်များ မှာကြားခဲ့သည်။

ယင်းနောက် စကုမြို့၌ စကုဈေး ပြန်လည်ဆောက်လုပ်နေမှုအခြေအနေနှင့် ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ ကွန်ကရစ်ခင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ စကုဆေးရုံ၌ တာဝန်ရှိသူများ၊ ဆေးရုံကြီးကြပ်မှုကော်မတီများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆေးရုံအတွင်း ဆေးဝါးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် စကုမြို့ ပညာဘဏ်စာကြည့်တိုက်သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများဖတ်ရှုလေ့လာနိုင်ရန် ဘာသာရေးနှင့် သက်ဆိုင်သည့် စာအုပ်များနှင့် သုတ/ရသ စာအုပ် ၁၇၉ အုပ်ကို စာကြည့်တိုက်တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့သည်။ **မောင်ညီညာ(မကွေး)**

# မြိတ်မြို့တွင် ရေစီးရေလာကောင်းမွန်ရေး ကုန်း/ရေနှစ်တန်သွား ဘက်ဟိုး(မြေတူးယာဉ်) ဖြင့် ချောင်းနှစ်ချောင်းအား တူးဖော်မည်

**မြိတ် ဇွန် ၂၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် အားထားရသောဘုရားကိုင်ချောင်းနှင့် မြိတ်တောင်ချောင်းတို့အား တိမ်ကောမှုမရှိစေရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကုန်း/ရေနှစ်တန်သွားဘက်ဟိုး(မြေတူးယာဉ်)ဖြင့် ရန်ပုံငွေများလျာထားပြီးပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် တူးဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘုရားကိုင်ချောင်းနှင့် မြိတ်တောင်ချောင်းတို့သည် မြို့ပေါ်ရပ်ကွက်များအတွင်းဖြတ်သန်းစီးဆင်းလျက်ရှိပြီး နှစ်စဉ်ပင်လယ်ဒီရေအတက်အကျနှင့်မိုးရေများကြောင့် သဲများ၊ နုန်းမြေများ၊ ဗေဒါပင်၊ ဒိုက်ပင်နှင့် အမှိုက်များကြောင့် ချောင်းတိမ်ကောမှုများဖြစ်လာခဲ့ရာ ရေစီးရေလာကောင်းမွန်စေရေးအတွက် ချောင်းတူးဖော်ရေးလုပ်ငန်းဆောင်ရွက်ရန် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့်ဝယ်ယူထားသည့်ကုန်း/ရေနှစ်တန်သွားဘက်ဟိုး (မြေတူးယာဉ်) ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

"အဓိကအားဖြင့် ရေပေါ်သွားလာနိုင်တဲ့ ဘက်ဟိုးယာဉ်နဲ့ ရေအနက် လေးပေမှ ရှစ်ပေအထိရှိတဲ့ နေရာတွေမှာ ရေထဲမှာရှိတဲ့ နုန်းတွေနဲ့ ကြမ်းပြင်မှာရှိတဲ့ အမှိုက်တွေကို တူးဖော်သွားမှာ ဖြစ်ပါတယ်။ ချောင်းတူးဖော်ဖို့ စည်ပင်သာယာရေးအဖွဲ့ရဲ့ လာမယ့်ဘဏ္ဍာနှစ်တွေမှာ ရန်ပုံငွေထည့်သွင်းရေးဆွဲလျာထားပြီးရန်ပုံငွေရရှိမှုပေါ်မူတည်၍ မြိတ်တောင်ချောင်း၊ ဘုရားကိုင်ချောင်းတွေမှာ ပြည်သူလူထုပူးပေါင်းမှုနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စိုးက ပြောကြားသည်။

ကုန်း/ရေနှစ်တန်သွားဘက်ဟိုး (မြေတူးယာဉ်)သည် CAT 307.5 AM 80 အမျိုးအစားဖြစ်ပြီး အကျယ် ၁၁ ပေ ၁လက်မရှိကာ ၁၃ ပေ ၉ လက်မအထိ ချဲ့ကားနိုင်ကြောင်း၊ ထို့အတူ ယာဉ်တွင် ရေလုံဗော နှစ်ဖက်မတပ်ဆင်ဘဲ ရေအနက် ၁ ဒသမ ၁ မီတာဆင်း၍ တူးဖော်နိုင်ပြီး ယာဉ်တွင် ရေလုံဗောနှစ်ဖက် တပ်ဆင်၍ ရေအနက်၂ ဒသမ ၅မီတာရှိသည့် ချောင်းအတွင်း မောင်းနှင်နိုင်ကာ ယာဉ်မှာပါရှိသည့်လက်တံဖြင့် အနက်၁၂ ပေ၆လက်မထိ တူးဖော်နိုင်ကြောင်း၊ အဆိုပါဘက်ဟိုးကို စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ကျပ်သိန်း ၂၇၉၀ ဖြင့် ဝယ်ယူထားခြင်းဖြစ်ကြောင်း သိရသည်။ **ခိုင်ထူး (ပြန်/ဆက်)**



# ကချင်ပြည်နယ်သမဝါယမအသင်းချုပ်မှ ဆိပ်ဖြူဒေသထွက် ကြက်သွန်နီများ ဒုတိယအကြိမ် ဖြန့်ဖြူးရောင်းချ

**နေပြည်တော် ဇွန် ၂၁**

ကချင်ပြည်နယ်သမဝါယမအသင်းစုချုပ်သည် မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့်ချိတ်ဆက်၍ ဆိပ်ဖြူမြို့နယ်မှ ဒေသခံတောင်သူများ စိုက်ပျိုးထွက်ရှိသော လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သည့် ကြက်သွန်နီပိဿာချိန်စုစုပေါင်း ၁၀၃၀၀ ကို ဝယ်ယူကာ ဇွန် ၁၆ ရက်က ဒုတိယကြိမ်အဖြစ် ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနားမြို့နယ်သို့ ကြက်သွန်နီပိဿာချိန် ၃၀၀၀ ကိုလည်းကောင်း၊ ဝိုင်းမော်မြို့နယ်သို့ ကြက်သွန်နီပိဿာချိန် ၂၀၀၀ ကိုလည်းကောင်း၊ မိုးကောင်းမြို့နယ်သို့ ကြက်သွန်နီပိဿာချိန် ၂၃၀၀ နှင့် မိုးညှင်းမြို့နယ်သို့ ကြက်သွန်နီပိဿာချိန် ၃၀၀၀ ကိုလည်းကောင်း ကြက်သွန်နီ တစ်ပိဿာလျှင် ဒေသပေါက်ဈေးငွေကျပ် ၈၀၀ ရှိသော်လည်း တစ်ပိဿာလျှင် ငွေကျပ် ၆၀၀ နှုန်းဖြင့် ပြည်နယ်အတွင်းရှိ သမဝါယမအသင်းသားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား သမဝါယမ၏မူတစ်ရပ်ဖြစ်သော No Profit, No Loss အစီအစဉ်ဖြင့် ပြင်ပဈေးနှုန်းထက် သက်သာစွာ ပြန်လည်ဖြန့်ဖြူးရောင်းချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကသာမြို့နယ် အင်းရွာ RC သံပေါင်တင် သစ်သားတံတားတည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

**ကသာ ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် အင်းရွာ RC သံပေါင်တင်သစ်သားတံတားတည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ကြောင်း အင်းရွာဒေသခံဦးမြသိန်းထံမှ သိရသည်။

အဆိုပါတံတားသည်အကျယ် ၁၈ ပေ၊ အရှည် ပေ ၂၇၀ ရှိသည့် RC သံပေါင်တင်သစ်သားတံတားဖြစ်ပြီး တည်ဆောက်မှုလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ကာ ယခုဇွန်လ တတိယပတ်တွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီလ ၁၆ ရက်နေ့မှာ တံတားက ရာနှုန်းပြည့် တည်ဆောက်ပြီးစီးခဲ့တာပါ။ အင်းရွာကို ရွာပေါင်း ၃၄ ရွာက အမှီပြုနေပါတယ်။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အစရှိတဲ့ အကုန်လုံးကအင်းရွာကိုအမှီပြုတာပါ။ ကျောင်းတက်ရင်လည်း အင်းရွာကို လာတက်ကြတယ်။ ဆေးရုံနဲ့ဈေးကလည်း အင်းရွာမှာရှိတာ။ လူဦးရေ ၃၀၀၀၀ ကျော် အမှီပြုတာပါ။ အရင်က သစ်သားတံတားကို ၂၀၁၄ ခုနှစ်က ဆောက်ထားတာရှိတယ်။ မနှစ်က ရေတိုးတော့ ပျက်သွားတယ်။ အခုပြန်လည်အသစ်တည်ဆောက်တာပါ"ဟု ဦးမြသိန်းက ပြောသည်။

အဆိုပါတံတား၏ ရေလည်တိုင်နှစ်တိုင်အတွက် စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေ ကျပ်သန်း ၄၀ ဖြင့် ကသာမြို့နယ် ကျေးလက်လမ်းတံတားဦးစီးဌာနက တာဝန်ယူတည်ဆောက်ပေးခဲ့ပြီး ကျန်သည့်လုပ်ငန်းများကို အလှူရှင်ငွေများဖြင့် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

**လူလေး**

# ထက်သန်သောဆန္ဒ

## ပီမိုးနင်း

တစ်ခါတစ်ရံ တစ်ခုခုသောနေရာ၊ တစ်ခုခုသော အဆောက်အအုံ၊ တစ်ခုခုသောအခြေအနေ အဖြစ်အပျက်ကို တွေ့ကြုံရသောအခါ ငါအရင်က ဤနေရာ၊ ဤအဆောက်အအုံ၊ ဤအခြေအနေ၊ ဤအဖြစ်အပျက်မျိုးနှင့် တွေ့ကြုံဖူးသည်ဟု စိတ်၌ မှတ်ထင်တတ်လေသည်။

ထိုကဲ့သို့ မှတ်ထင်သူများသည် အတော်များ ကြပေလိမ့်မည်။ ထိုကဲ့သို့ ဖြစ်ရခြင်းကား အဘယ် သို့သော အခြင်းအရာနည်း။ အတိတ်ဘဝ၌ ဖြစ်ပျက်ခဲ့ခြင်းပေလား။ လွန်ခဲ့သောဘဝတစ်ခုခု၌ တွေ့ကြုံခဲ့ရခြင်းပေလား။ မဟုတ်ပေ။ ဤကဲ့သို့ ဖြစ်ပျက်ခြင်းသည် ဤအဖြစ်အပျက်၊ ဤအခြေ အနေမျိုး၊ ဤနေရာမျိုးကို စိတ်၌ ထင်မြင်တော့တ ခဲ့မိခြင်းကြောင့်ဖြစ်သည်ဟု ဆိုင်ကိုလိုဂျီဆရာများ ပြောကြလေသည်။

ထိုစကားသည် ဟုတ်မှန်သောစကား ဖြစ်ကြောင်း စာရေးသူကိုယ်တိုင်တွေ့၊ ကိုယ်တိုင် သိဖြစ်ခဲ့သည်မှာ အတော်ပင်များခဲ့လေသည်။ အဟုတ်တကယ်လိုချင်သောစိတ်နှင့်လည်းကောင်း၊ လိုချင်သည့်အတိုင်း ဖြစ်လိမ့်မည်ဟူသောစိတ်နှင့် တစ်စုံတစ်ရာကို စူးစိုက်စွာထင်မြင်သည့်အခါ ထင်မြင်သည့်အတိုင်း တစ်နေ့သ၌ ဖြစ်ရလေသည်။

ဤကား Imagination ဟူ၍လည်းကောင်း၊ Visualizing ဟူ၍လည်းကောင်း ခေါ်လေသည်။ အထင်အမြင်စိတ်သည် သူ၌အစွမ်းဆုံးသော ညို့ဓာတ်ဖြစ်လေသည်။ ယုံကြည်ခြင်းနှင့် ထက်သန်သောဆန္ဒအားအရှိန်ပါရှိသော အထင် အမြင်စိတ်သည် တန်ခိုးကြီးကြောင်း အထက်ထက် က များစွာရေးခဲ့ဖူးသော်လည်း ထိုနည်းလမ်းကို ထိထိရောက်ရောက် ယုံယုံကြည်ကြည်ရှိသူ နည်းပါးကြောင်း သိရလေသည်။

**“ ထိုနှိုင်းယှဉ်သောစိတ်သည် မသိမသာသော စိတ်ဖြစ်၏။ သို့ပင်မသိသော်လည်း ငါလိုလူစားသည် ဤလို ကြီးကျယ်သော အလုပ်များနှင့်မဆိုင်။ ဤကြီးကျယ်သောအလုပ်အကိုင် အကြံအစည်များသည် ကြီးကျယ်သောလူများနှင့်သာ ဆိုင်သည်ဟူသော မထင်ရှားသောစိတ်သည် လူ၏စိတ်အတွင်း၌ မသိမသာ ကိန်းအောင်း၍နေမြဲဖြစ်။ ”**

စာ၌ဖတ်ရသည့်အခါ ခိုင်လုံစွာရေး၍ထား သောစာဖြစ်သောကြောင့် ဟုတ်ပါပေသည်၊ မှန်ပါ ပေသည်ဟု အောက်မေ့သော်လည်း အဟုတ် တကယ် ထိုနည်းကို အသုံးပြုဖို့ရန် သတိမရကြဘဲ စိတ်ဝေ၍နေတတ်ကြသဖြင့် အသုံးမပြုဘဲသာ နေလေ့ရှိကြလေသည်။

ကြီးကျယ်သောအရာတစ်ခုခုကို ဖြစ်မြောက် အောင်လုပ်လိုသည့်အခါ အလုပ်၏ကြီးကျယ်ခြင်းကို မိမိ၏လက်ငင်းအခြေအနေနှင့် နှိုင်းယှဉ်၍ ကြည့်တတ်လေသည်။

ထိုနှိုင်းယှဉ်သောစိတ်သည် မသိမသာသော စိတ်ဖြစ်၏။ သို့ပင်မသိသော်လည်း ငါလိုလူစားသည် ဤလို ကြီးကျယ်သောအလုပ်များနှင့် မဆိုင်။ ဤကြီးကျယ်သောအလုပ်အကိုင် အကြံအစည်များ သည် ကြီးကျယ်သောလူများနှင့်သာ ဆိုင်သည်ဟူ သော မထင်ရှားသောစိတ်သည် လူ၏စိတ်အတွင်း၌ မသိမသာ ကိန်းအောင်း၍နေမြဲဖြစ်လေသည်။

ထင်မြင်ကြံစည်တိုင်း မအောင်မမြင်သည်မှာ ထိုမထင်ရှားသော စိတ်နေသဘောထားခြင်းကြောင့် ဖြစ်လေသည်။

ဖြစ်မြောက်ပေါက်ရောက်သော အထင်အမြင် များသည်ကား ထိုကဲ့သို့မဟုတ်။ မိမိ၏စိတ်သန္တာန်၌ စွဲကပ်၍နေသောမိမိကိုယ်ကို အထင်အမြင်သေးသော စိတ်သည် မနိုး၊ မကြွား မပေါ်မပေါက် အမှတ်မဲ့ ပျောက်ကွယ်၍နေသောအခါများ၌ ဖြစ်ပေါ်သော အထင်အမြင်စိတ်များ ဖြစ်ကြလေသည်။

လေထဲမှာ တိုက်အိမ်ဆောက်ခြင်းသည် အထင် အမြင်စိတ်ဖြစ်သောကြောင့် ဆောက်သောအိမ် တကယ်ဖြစ်နိုင်လေရာ ထိုကဲ့သို့လေထဲမှာ ဆောက် သောအိမ်များ အဟုတ်တကယ်ဖြစ်၍လာသည့်အခါ ဤအိမ်ကား ငါနေဖူးသောအိမ်ဖြစ်သည်ဟု စိတ်၌ မှတ်ထင်တတ်လေသည်။

သို့သော်လည်း လေထဲတွင် အိမ်ဆောက်ရာ၌ မိမိကိုယ်ကို မယုံကြည်သောစိတ်၊ မိမိကိုယ်ကို သေးသိမ်သည်ဟု မှတ်ထင်သောစိတ်မျိုး မသိမသာ ပါဝင်၍ နေသည့်အခါ၌ ဖြစ်စေ၊ ထက်သန်သော အာသာဆန္ဒစိတ်နှင့် ယုံကြည်သောစိတ် မပါဝင်သည့် အခါ၌ဖြစ်စေ ဆောက်လုပ်သော တိုက်အိမ်သည် စိတ်၌သာဖြစ်ပေါ်ပြီး စိတ်၌သာ ပျောက်ကွယ်သဖြင့် ကောင်းကင်၌ ပေါ်ပေါက်သော တိမ်ရုပ်များနှင့်မခြား အရာမထင် ပျောက်ကွယ်ဖို့သာရှိလေသည်။

အထင်အမြင်စိတ်အတိုင်း ဖြစ်မြောက်ခြင်း၊ လေထဲ၌ ဆောက်သောတိုက်၊ အဟုတ်တကယ် ဖြစ်မြောက်ခြင်း၏ အခြားနည်းလမ်းတစ်ခုမှာလည်း စိတ်မများခြင်း ဖြစ်လေသည်။

အထင်အမြင်စိတ်၊ ဆန္ဒစိတ်၊ ယုံကြည်သောစိတ်၊ မိမိသည် ဘာကိုမဆိုဖြစ်နိုင်သည်ဟုဆိုသောစကား သည် မဟုတ်မမှန်သောစကား ဖြစ်လေသည်။ ဘာကို မဆို ဤနည်းနှင့် ဖြစ်နိုင်ခြေက လူသည် ဘုရား ဖြစ်ရာ၏။ ထိုသို့ဖြစ်လေရာ အရာရာတိုင်းကို ဖြစ်အောင် မကြံရ၊ ကြံလည်း မကြံနိုင်ပေ။

လူတိုင်းမှာ မိမိဆိုင်ရာအလုပ်၊ မိမိနှင့်သင့်လျော် သော အကြံရှိရာ ထိုအလုပ်၊ ထိုအကြံကို မိမိ၏သန္တာန် ၌ စစ်ဆေးရှာကြံပြီးနောက် ထိုအကြံတစ်ခုတည်းကို သာကြံလျှင် ထိုအကြံ၊ ထိုအလုပ်၏ အောင်မြင်ခြင်း ကိုသာ စူးစိုက်၍ ထင်မြင်ရလေသည်။

အိမ်ကိုလည်း လိုချင်၍ ထင်မြင်၊ မော်တော်ကား ကိုလည်း လိုချင်၍ ထင်မြင်၊ ငါးထောင်စားဖြစ်ချင် ၍လည်း ထင်မြင်၊ အမျိုးမျိုးထင်မြင်၍ နေချေက အဘယ်အရာကိုမျှ ရမည်မဟုတ်ပေ။ အထင်အမြင် စိတ်သည် လိုချင်ရာကို ရစေနိုင်သော်လည်း လိုချင် သောအရာတစ်ခုရပြီးမှ အခြားတစ်ခုကို ရနိုင်လေ သည်။

နို့.. စာရေးသူကိုယ်တိုင် ဖြစ်ပါရဲ့လားဟု မေးစရာရှိ၏။ ဖြစ်ခဲ့ကြောင်း အများသိပြီးဖြစ်လေ သည်။ စာရေးသူသည် သူဌေးသူကြွယ်ဖြစ်ဖို့ထက် နာမည်ကျော်ကြားသူဖြစ်ဖို့ကို တောင့်တထင်မြင် ခဲ့လေသည်။ ငွေကြေးကို ထင်မြင်သည့်အခါ ငွေကြေး ရဖို့လမ်းများ ကြုံကြိုက်ခဲ့၏။ ကြုံကြိုက်သော်လည်း နည်းလမ်းများကို အသုံးပြုသည့်အခါထက် မပြုသည့် အခါကများ၏။ ငွေကြေးရပြန်လျှင်လည်း သူဌေး ဖြစ်ဖို့ စိတ်မကူး။ ချက်ချင်းသုံးပစ်ဖို့သာ စိတ်ကူးသူ ဖြစ်ရာ အဘယ်မှာ သူဌေးဖြစ်နိုင်ပါမည်နည်း။

အထင်အမြင်စိတ်သည် ထင်မြင်သောအရာကို အကောင်အထည်နှင့် ပေါ်လာစေသည်မဟုတ်။ ထိုအရာကို ရဖို့ရန်နည်းလမ်းကို ဖန်တီး၍ပေးတတ် လေရာ နည်းလမ်းပေါ်သည့်အခါ မိအောင်ဖမ်းကာ အသုံးပြုဖို့ရန် သတိသည် အထူးအရေးကြီးလေသည်။ ထိုသတိကို မသုံးပြန်ကလည်း ထင်မြင်ကျိုးနပ်မည် မဟုတ်ပေ။

**ဘားမားဂျာနယ်၊ နံပါတ် ၃၊ ပထမဝါဆိုလဆုတ် ၄ ရက်၊ ၁၂၉၉**



### ဆရာကြီးပီမိုးနင်း

(၁၈၈၃-၁၉၄၀)

ဆရာကြီးပီမိုးနင်းသည် စစ်ကြိုခေတ်ကာလ တစ်လျှောက်လုံးတွင် ထင်ရှားကျော်ကြားခဲ့သော စာရေးဆရာကြီးတစ်ဦးဖြစ်သည်။ ပီမိုးနင်းသည် ကာလပေါ်ဝတ္ထုခေတ်ကို ပျိုးထောင်ပေးခဲ့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်သာမက မြန်မာစာပေတွင် လက်ာစပ်မနေသော စကားပြေအရေးအသားမျိုး ခေတ်စားတွင်ကျယ်လာအောင် လမ်းသစ်ထွင် မျိုးစေ့ချခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ဦးလည်း ဖြစ် သည်။ ဆရာကြီးသည်ခေတ်မီသော အတွေး အခေါ်သစ်များကို မြန်မာစာဖတ်ပရိသတ်အား ဦးစွာမိတ်ဆက်ပေးခဲ့သော ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည်။

ဆရာကြီးပီမိုးနင်း အမည်ဖြင့် ထင်ပေါ် ကျော်ကြားခဲ့သော သတင်းစာဆရာ ဦးကျော်ညွန့် ကို ၁၈၈၃ ခုနှစ်တွင် သုံးဆယ်မြို့ ရွာမရပ်၌ အဖ ဦးရွှေခမ်း၊ အမိ ဒေါ်စိန်နုတို့က ဖွားမြင်ခဲ့သည်။ ငယ်နာမည်မှာ မိုးနှင်းဖြစ်ပြီး ဇာတာအမည်မှာ မောင်ကျော်ညွန့် ဖြစ်သည်။

ဆရာကြီးပီမိုးနင်းသည် ဟံသာဝတီသတင်း စာတိုက်၊ သူရိယသတင်းစာတိုက်၊ မြန်မာ့အလင်း သတင်းစာတိုက်၊ ပညာအလင်းသတင်းစာတိုက် တို့တွင် လုပ်ကိုင်ခဲ့ပြီး ဒဂုန်မဂ္ဂဇင်း၊ လန်ဒန်အက် မဂ္ဂဇင်း၊ ကဝိမျက်မှန်မဂ္ဂဇင်း၊ ကဝိတံခွန်မဂ္ဂဇင်း၊ ဗြိတိသျှဘားမားမဂ္ဂဇင်း၊ တက္ကသိုလ်မဂ္ဂဇင်း၊ သူရိယသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ သစ္စာဝါဒီသတင်းစာ၊ ဗန္ဓုလသတင်းစာ၊ ဗန္ဓုလ ဂျာနယ်၊ ဒီးဒုတ်ဂျာနယ်တို့တွင် ဝတ္ထုများ၊ ဆောင်းပါးများ ရေးသားသည်။

ဆရာကြီးသည် ‘မောင်ကျော်’ ကလောင် အမည်ဖြင့် ရှေးဦးကာလက ထင်ရှားခဲ့ပြီးနောက် ‘ပိုက်ဆံကြီး’ ဖြင့် ထင်ရှားခဲ့သည်။ နောက်ပိုင်းတွင် ပီမိုးနင်းအမည်ဖြင့် ထင်ရှားသည်။ “ခင်ထား၊ ပင်လယ်ကူးဓာတ်ပုံ၊ ဘီအေမောင်တင့်နှင့် ကချေသည်မယ်မြင့်၊ နေရီရီ၊ ပွဲစားကြီးသားအဖနှင့် မြမြ၊ ဘားမားဒေး၊ နေညိုညို၊ တကိုယ်တော်၊ ချစ်ပန်းနွယ်၊ သဲမြည္ဘာ၊ သင်းတို့အကြံ” ဝတ္ထုများ ရေးသားခဲ့သည့်အပြင် စိတ်ပညာ၊ တက္ကဗေဒ၊ ဒဿနိကဗေဒ၊ တက်ကျမ်းများ အပါအဝင် နိုင်ငံရေးရာဆောင်းပါးများ၊ စာပေ ဆောင်းပါးများ၊ လူမှုရေးဆောင်းပါးများ၊ အင်္ဂလိပ် ဘာသာသင်အထောက်အကူပြု ဆောင်းပါးများ ရေးသားခဲ့သည်။

ဆရာကြီးသည် ၁၉၄၀ ပြည့်နှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန် သည်။

■

# သရက်ချောင်းမြို့ ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံ နှစ်ရုံတို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး



**သရက်ချောင်း ဇွန် ၂၁**
တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့ ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံနှစ်ရုံတို့၌ ဇွန် ၂၁ ရက် နံနက် ၉ နာရီမှစ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆောင်ရွက်ကြရာတွင် ရှေးဦးစွာ သူနာပြုဆရာ ဆရာမများက အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို ဆေးထိုးခြင်း မပြုလုပ်မီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ အမည်စာရင်း ကောက်ယူခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ဆေးထိုးမည့်နေရာသို့ အလှည့်ကျ ဝင်ရောက်စေကာ သက်ဆိုင်ရာ သူနာပြုဆရာမများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခဲ့ပြီး ဆေးထိုးပြီးသူများကို မိနစ် ၃၀ ခန့် အနားယူစေသည်။

ထိုသို့ ဆေးထိုးပေးရာတွင် မြို့နယ်ပြည်သူ့ဆေးရုံး၌ ၁၅၀၊ ရင်တိုက်နယ်ဆေးရုံ၌ ၇၅ ဦးနှင့် ပဲဒက်တိုက်နယ်ဆေးရုံ၌ ၇၅ ဦး စုစုပေါင်း ၃၀၀ ကို ထိုးနှံပေးခဲ့ကြောင်း မြို့နယ်ကုသရေးဦးစီးဌာနမှ သိရသည်။

**သရက်ချောင်း(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းများဖြန့်ဝေ

**ပွင့်ဖြူ ဇွန် ၂၁**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် ပြည်သူများ အပြင်သွားလာရာတွင် နှာခေါင်းစည်းမဖြစ်မနေ တပ်ဆင်သွားလာရေး Mask Campaign ပြုလုပ်ခြင်းကို ဇွန် ၂၁ ရက် နံနက် ၉ နာရီက ပွင့်ဖြူမြို့အဝင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအနီး၌ ပြုလုပ်သည်။

အဆိုပါ နှာခေါင်းစည်း Mask Campaign ပြုလုပ်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများပူးပေါင်းအဖွဲ့က အပြင်သွားလာကြသည့် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများကို မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကင်းဝေးစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း စနစ်တကျနေထိုင်သွားလာကြရန်၊ တစ်ဦးနှင့်တစ်ဦး အနည်းဆုံး ခြောက်ပေအကွာ နေထိုင်သွားကြရန်၊ ကိုဗစ်-၁၉ ရောဂါပိုး သံသယရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သွားရောက်ပြီး စစ်ဆေးမှုခံယူကြရန် စသည့်ကြိုတင်ကာကွယ်ရေးဆိုင်ရာ လိုက်နာရန်အချက်များကို အသိပညာပေးဆွေးနွေးပြောကြားပြီး နှာခေါင်းစည်းမပါသော ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအား အသိပညာပေးစာစောင်များဝေငှပြီး နှာခေါင်းစည်းများ ဖြန့်ဝေတပ်ဆင်ပေးခဲ့ကြသည်။

**ရဲဝင်းနိုင် (ပြန်/ဆက်)**



**ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။**
**စာတည်း**




# ခနုဖြူ၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်သုံးလုံး သစ်ပင်ပိ၍ ပျက်စီး

**ခနုဖြူ ဇွန် ၂၁**
ဧရာဝတီတိုင်းဒေသကြီး ခနုဖြူမြို့နယ်၌ ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်က မိုးရွာသွန်းပြီး အမှတ်(၁၂)ရပ်ကွက်ရှိ နေအိမ်သုံးလုံးပေါ်သို့ ကုက္ကိုပင် ပြိုလဲကျသဖြင့် နေအိမ်သုံးလုံး ပျက်စီးခဲ့သည်။



အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်းနှင့် ပျက်စီးသည့် နေအိမ်များအား ပြန်လည် ပြုပြင် နေထိုင်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဇွန်လ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

### မိုးအခြေအနေနှင့် မိုးရွာရက်

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ငဖဲမြို့နယ် ကော်ဖီစိုက်တောင်သူများထံ ကော်ဖီနှင့် အရိပ်ရပျိုးပင် ၇၀၀၀၀ ကျော် ဖြန့်ဝေ

**ငဖဲ ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီ သီးနှံဌာနခွဲ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (နတ်ရေကန်) တွင် တောင်ပေါ်ဒေသ ကော်ဖီစိုက်တောင်သူများထံသို့ ကော်ဖီမျိုးစေ့၊ ပျိုးပင်နှင့် အခြားအရိပ်ရပျိုးပင် ၇၀၀၀၀ ကျော်နှင့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို ဇွန် ၁၉ ရက်က



အဆိုပါကော်ဖီခြံ၌ ပြုလုပ်ခဲ့သည်။

ထို့နောက် ကော်ဖီပျိုးပင် ၅၉၂၅၀၊ ထောပတ် ၃၈၀၀၊ မက္ကဒေးမီးယား ၆၀၀၀၊ မျောက်ငို ၆၂၀၀ စုစုပေါင်းပျိုးပင် ၇၅၂၅၀ နှင့် ကော်ဖီအချိုဓာတ်တိုင်းကိရိယာ အခု ၁၀၀၊ အစိုဓာတ်တိုင်းကိရိယာ ၁၀ ခု၊ ကော်ဖီမျိုးစေ့ ၂၅ ကီလိုဂရမ်နှင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု လက်စွဲစာအုပ် စာစောင်တို့ကို ငဖဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်နှင့် တာဝန်ရှိသူများကပေးအပ်ရာ တောင်ပေါ်ကျေးရွာ ၁၀ အုပ်စုမှ ကော်ဖီစိုက်တောင်သူများက လက်ခံရယူခဲ့ကြသည်။

ငဖဲမြို့နယ် တောင်ပေါ်ဒေသ (နတ်ရေကန်) တွင် ၂၀၀၂ ခုနှစ်မှစတင်၍ အာရေဗီးကား (ကုန်းမြင့်) ကော်ဖီမျိုးကို စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ဧက ၄၀ နှင့် ပုဂ္ဂလိကတောင်သူစိုက်ဧက ၁၀၀၁ ဧက စုစုပေါင်း ၁၀၄၁ ဧကစိုက်ပျိုးကြကြောင်း သိရသည်။

မယု(ငဖဲ)




# ကျွန်းလှ၌ တောင်သူနည်းပညာပေးသင်တန်းနှင့် မိုးစပါးမျိုးစေ့သွင်းအားစုများ ထောက်ပံ့ပေးအပ်

**ကျွန်းလှ ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် တောင်သူနည်းပညာပေးသင်တန်းနှင့် မိုးစပါးမျိုးစေ့ထုတ်ကွက်စိုက်ပျိုးမည့် တောင်သူများအား စပါးမျိုးစေ့ သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၈ ရက် နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ပြုလုပ်ခဲ့သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်ထူးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် မိုးစပါးမျိုးစေ့ထုတ်ကွက်စိုက်ပျိုးခြင်းအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

အဆိုပါတောင်သူပညာပေးသင်တန်းတွင် ခရိုင်မျိုးစေ့တာဝန်ခံ၊ သီးနှံကာကွယ်ရေးတာဝန်ခံတို့က မျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်းအကြောင်း၊ ဘက်စုံကာကွယ်နှိမ်နင်းနည်းအကြောင်း၊ ငမြှောင်တောင်ဘဝစက်ဝန်း၊သဘာဝပိုးသတ်ဆေးနှင့်အားဆေးပြုလုပ်နည်းအကြောင်း၊ ရာသီဥတုပြောင်းလဲမှုအပေါ် စိုက်ပျိုးရေးကဏ္ဍတိုးတက်မြင့်မားရေးအကြောင်းတို့ကို ပို့ချခဲ့ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

# ညောင်ဦးမြို့နယ်ရှိ ပြောင်းဖူးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးနှုန်းအမြင့်ဆုံးရောင်းချရ

**ညောင်ဦး ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စု ကျေးရွာများနှင့် သစ်ထောင့်ကျွန်းကျေးရွာအုပ်စုရှိကျေးရွာများတွင် မြေအောက်ရေသွင်းပြောင်းဖူးစိုက်ပျိုးကြရာ ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း ဈေးနှုန်းအမြင့်ဆုံးရောင်းချနေရကြောင်း သစ်ထောင့်ကျွန်းကျေးရွာ ပြောင်းဖူးပွဲစား ဦးဝင်းတင့်ထံမှ သိရသည်။

ညောင်ဦးမြို့နယ်လက်ပံခြေပေါ်အုပ်စုကျေးရွာများ၊ သစ်ထောင့်ကျွန်းကျေးရွာအုပ်စုရှိကျေးရွာများသည် မြေအောက်ရေဖြင့်စိုက်ပျိုးသည့် သကြားပြောင်းဖူး၊ အစေးပြောင်းဖူးခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိကာ ကိုဗစ်-၁၉ ကူးစက်ရောဂါကာလတွင်း အနီးအနားမြို့များသို့သာ ရောင်းချနေရခြင်းကြောင့်ထွက်ရှိသည့် ပြောင်းဖူးများပြားနေပြီး ဈေးနှုန်းမရရှိဖြစ်နေရာမှ ဇွန်လတွင် ပြောင်းဖူးဈေးနှုန်းများ တက်လာခဲ့ကြောင်း ပြောင်းဖူးစိုက်တောင်သူများက ပြောသည်။

**အဆင်ပြေလျက်ရှိ**

ပြောင်းဖူးစိုက်ပျိုးရာတွင် အချိန်နှစ်လခွဲဖြင့် ငွေအမြန်ပေါ်သော်လည်း ကိုဗစ်-၁၉ ကူးစက်ရောဂါကာလတွင် ပြောင်းဖူးစိုက်ပျိုးတောင်သူများ ပြောင်းဖူး တစ်ဖူးငွေကျပ် ၈၀ သာ ရောင်းချခဲ့ရသည်။ ယခု ဇွန်လအတွင်း အခြားမြို့ကြီးများမှ ပြောင်းဖူးပွဲစားများ လာရောက်ဝယ်ယူမှု များပြားခဲ့ရာ ၁၀ ဖူးလျှင် ငွေကျပ် ၁၆၀၀ နှုန်း ရောင်းချရခြင်းကြောင့် ပြောင်းဖူးစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

ကိုထိန်(KPD)

# ကျောက်ဆည်မြို့နယ်တွင် စပါးဧက ၈၀၀ ခန့် ရေပေးဝေသည့် သရက်ချိုမြောင်း ပြုပြင်

**ကျောက်ဆည် ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စပါးစီမံကိန်းသီးနှံဧက ၈၀၀ ခန့် ရေပေးဝေနေသည့် သရက်ချိုမြောင်း ထိပ်ဝကျောက်ဆလံစီခြင်းနှင့် မြောင်းကြမ်းပြင် ကွန်ကရစ်လောင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ် ၁၁ သန်းဖြင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူပြီး အရှည် ၁၀၆ ပေ၊ အမြင့် ငါးပေ၊ ဒုသုံးလက်မ မြောင်းနှုတ်ခမ်း ကျောက်ဆလံစီခြင်းနှင့် အလျား ၁၀၆ ပေ၊ အနံ ၁၃ ပေ၊ ဒုလေးလက်မ မြောင်းကြမ်းပြင် ကွန်ကရစ်လောင်းခြင်း လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

လုပ်ငန်းများဆောင်ရွက်ပြီးပါက အဆိုပါမြောင်း ရေသောက်တောင်သူများ၏ စီမံကိန်းသီးနှံစိုက်ဧက ၈၀၀ ခန့်အား စိုက်ပျိုးရေများပေးဝေရာတွင် ရေလေလွင့်ဆုံးရှုံးမှုနည်းပါးကာ ထိရောက်စွာပေးဝေနိုင်မည် ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

သက်မောင်
(ကျောက်ဆည်)

*** ကျောဖုံးမှ**

အကောင်ချော့လျှင် ဈေးကောင်းရသောကြောင့် ကြာကန်ရွာမှ တောင်သူအတော်များများ နွားမွေးမြူလာကြကြောင်း သိရသည်။

"ကျွန်တော်တို့ရွာမှာ နွားမွေးတောင်သူ ၂၀ လောက်ရှိပြီး အကောင်ရေ ၁၀၀၀ ကျော်လောက်ရှိပါတယ်။ ကိုဗစ်-၁၉ ရောဂါကာလရယ်၊ ရာသီဥတုမမှန်တာရယ်ကြောင့် ရွာကတောင်သူအတော်များများ နွားမွေးမြူရေးလုပ်ငန်းကို တွဲဖက်လုပ်ကိုင်လာကြပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းအပြင် မွေးမြူရေးလည်း လုပ်ကိုင်ကြသေးတယ်ဆိုတော့ စီးပွားရေးအနေနဲ့ အဆင်ပြေကြပါတယ်" ဟု နွားမွေးမြူရေးနှင့် တောင်သူလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

ဇေယျာထက်(မင်းဘူး)

**❂ တိုကျိုအိုလံပစ်မှ**

ပြန်လည်အတည်ပြု ပေးပို့မည်ဖြစ်သည်။ မြန်မာနိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရန် လျှောက်ထားသည့် အားကစားနည်းများအနက် မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာမှာ လက်ရည်စစ်ပွဲအောင်မြင်ရန် သေချာသလောက်ရှိနေပြီး ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က သက်ဆိုင်ရာအိုလံပစ်ကော်မတီထံ အတည်ပြုပေးပို့ရန်သာ ကျန်ရှိတော့သည်။

သက်ထားသူဇာသည် ဇွန် ၁၅ ရက်က နောက်ဆုံးထုတ်ပြန်ထားသည့် အဆင့်သတ်မှတ်ချက်တွင် အိုလံပစ်ဝင်ခွင့်၌ အဆင့် ၂၉ နေရာ ရပ်တည်နေသောကြောင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရန် သေချာသလောက်ရှိနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အိုလံပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အားကစားနည်း ကိုးမျိုး လျှောက်ထားပြီး ကြက်တောင်အားကစားမယ် သက်ထားသူဇာသာ လက်ရည်စစ်ပွဲအောင်မြင်ပြီး ယှဉ်ပြိုင်ခွင့်ရပါက ကျန်အားကစားနည်း ရှစ်မျိုးအတွက်သာ အကြောင်းပြန်မှုသာ စောင့်ကြည့်ရမည်ဖြစ်သည်။

တိုကျိုအိုလံပစ်ပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၈ ရက်အထိ ပြန်လည်ကျင်းပမည်ဖြစ်ပြီး ကပ်ရောဂါကာလအတွင်းကျင်းပမည်ဖြစ်သောကြောင့် ရောဂါကူးစက်မှုမရှိစေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာအားကစားအဖွဲ့အနေဖြင့် ၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲတွင် အားကစားနည်း ငါးမျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - olympic.com

# သံတောင်ကြီးမြို့နယ်ထွက် တည်းသီးများ ယခင်နှစ်ထက် အထွက်နှုန်းအနည်းငယ်ကျဆင်း

**သံတောင်ကြီး ဇွန် ၂၁**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ်၌ ယခုအချိန်တွင် ရာသီပေါ်သီးနှံဖြစ်သည့် တည်းသီးမှာ အဓိကစိုက်ပျိုးသည့် သီးနှံဖြစ်ပြီး ယခင်နှစ်ထက် အထွက်နှုန်းအနည်းငယ်ကျဆင်းခဲ့ကြောင်း သိရသည်။

**တင်ပို့ရောင်းချ**

"အခုနှစ်မှာ တည်းသီးအထွက်နှုန်းကတော့ ယခင်နှစ်ထက် အနည်းငယ်ကျဆင်းပါတယ်။ ရာသီဥတုအခြေအနေကြောင့်လို့ ထင်တယ်။ ဒီနှစ်က အရမ်းပူလို့ပါ။ တည်းသီးဈေးနှုန်းက စပေါ်တဲ့ မေလလောက်မှာ တစ်ပုံး (၈-ပြည်) ဆိုရင် ကျပ်၂၀၀၀၀ အထိရပေမယ့်၊ အခုအချိန်မှာ ကျပ် ၁၃၀၀၀ သာရရှိပြီး တောင်ငူမြို့ကို တင်ပို့ရောင်းချပါတယ်" ဟု တည်းသီးစိုက်ပျိုးသူ တောင်သူတစ်ဦးထံမှ သိရသည်။

အဆိုပါ တည်းပင်ကို သံတောင်ကြီးမြို့နယ်အတွင်းရှိ သံတောင်ကြီးမြို့၊ သံတောင်မြို့၊ လိပ်သိုမြို့နှင့် ဘောဂလိမြို့များတွင် အဓိကစိုက်ပျိုးသော နှစ်ရှည်ပင်ဖြစ်ပြီး မေလဒုတိယပတ်မှစတင်ကာ ရင့်သည့် အသီးများကို ဆွတ်ခူးရောင်းချလျက်ရှိကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)

**○ အီတလီအသင်းမှ**

တိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခံခဲ့ရတာကြောင့် တစ်ယောက်လျော့နဲ့ ကစားခဲ့ရတာလည်းဖြစ်ပါတယ်။

အီတလီအသင်းက ဝေးလ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ၂၀၁၈ ခုနှစ် စက်တင်ဘာလအတွင်း ပေါ်တူဂီအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း ပြိုင်ပွဲအရပ်ရပ်မှာ ပွဲပေါင်း ၃၀ အထိ ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့ပြီး ၂၅ ပွဲအနိုင်ရရှိကာ ငါးပွဲသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

ဝေးလ်အသင်းကတော့ အီတလီအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အီတလီအသင်းနဲ့ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်ခုနစ်ပွဲမှာ ခြောက်ပွဲအထိ ရှုံးပွဲကြုံခဲ့ရတာလည်းဖြစ်ပါတယ်။ အီတလီအသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် ယူရို ၂၀၂၀ ပြိုင်ပွဲရဲ့ ၁၆ သင်းအဆင့်ကို တက်လှမ်းနိုင်ခဲ့တာကြောင့် အဓိကပြိုင်ပွဲတွေမှာ သုံးကြိမ်အထိ ရှုံးထွက်အဆင့်ကို တက်လှမ်းနိုင်ခဲ့တာဖြစ်ပြီး အရင်က ၁၉၅၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲနဲ့ ယူရို ၂၀၁၆ ပြိုင်ပွဲတို့မှာ ရှုံးထွက်အဆင့်ကို တက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**




## ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/စက်မှုလက်မှု) ပဒုမ္မာလမ်း၊ မြေကွက်အမှတ်(၈၁)၊ ဧရိယာ(၀.၃၃၁)ဧကရှိသည့် ဒေါ်နှင်းကြည် ၊ ဒေါ်ခိုင်သူဇာသန့် ၊ ဒေါ်အေးသူဇာသန့် အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက် အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်ကို မြို့မြေဂရန်နှင့် နှစ်(၆၀)မြေငှားဂရန်တွင် (၁)ဒေါ်နှင်းကြည်(၁၂/ဥကမ(နိုင်)၀၀၇၇၈၉) (၂)ဒေါ်ခိုင်သူဇာသန့်(၁၂/မရက(နိုင်)၁၃၈၀၆၇)၊ (၃)ဒေါ်အေးသူဇာသန့်(၁၂/မရက(နိုင်)၁၃၈၀၆၆)တို့(၃)ဦးက ပူးတွဲ၍အမည်ပေါက်ကာ တရားဝင်ပိုင်ရှင်များအဖြစ် အချုပ်အချာအကောင်းပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေများက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်(စရန်ငွေ)များပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်တိုင်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

( လွှဲအပ်ညွှန်ကြားချက်များအရ )

**ဦးသန့်ခင် ( LL-B )**
အထက်တန်းရှေ့နေ(စဉ်-၂၅၈၆)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နီနွဲ့နိုင်(LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၇၅၅)
Ph-09-4200 73685

အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(D-2) ၊ သစ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## အောင်လွှမ်းမိုးမိသားစုကုမ္ပဏီလီမိတက် (AUNG HLWAN MOE COMPANY LIMITED)၊ ဧပရယ်မိုးကုမ္ပဏီလီမိတက် (APRIL MOE COMPANY LIMITED) နှင့် အောင်ဗိုလ်ခန့်ကုမ္ပဏီ (AUNG BO KHANT COMPANY LIMITED) တို့နှင့် ပတ်သက်၍ အများပြည်သူများသို့ သိရှိနိုင်စေရန် အသိပေးကြေညာခြင်း

၁။ [illegible] (Directorate of Investment and Company Administration) တွင် [illegible] (Certificate of Incorporation) [illegible]

၂။ [illegible]

၃။ [illegible]

၄။ [illegible]

၅။ [illegible]

ညွှန်ကြားချက်အရ -

**ဦးရာဇာခင်း**
(စဉ် - ၀၄၃၀၄)
တရားလွှတ်တော်ရှေ့နေ

**ဦးစိုးတင်**
(စဉ် - ၂၀၁၅၀)
အထက်တန်းရှေ့နေ

အမှတ် (၇၃)၊ ရန်ရှင်းလမ်း၊ (၂၀) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉-၄၂၀၀ ၂၉၄၁၀၄၊ ၀၉-၄၂၉၆ ၂၀၃၉၀




မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။ တတ်နိုင်သမျှ အိမ်တွင် နေပါ။ မဖြစ်မနေ အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျပြန်ဆေးပါ။









# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဗုဒ္ဓဂယာဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြရန်နှိုးဆော်ခြင်း

















# တိုကျိုအိုလံပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့ စီစဉ်

**ရန်ကုန် ဇွန် ၂၁**

ဂျပန်နိုင်ငံ၌ကျင်းပမည့် တိုကျိုအိုလံပစ်ပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်လျက်ရှိသည်။

၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယခုနှစ်သို့ ရွှေ့ဆိုင်းထားခြင်းဖြစ်ပြီး အားကစားနည်း ၃၃ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။

**တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ပြုမည်**

အိုလံပစ်ပြိုင်ပွဲတွင် ပါဝင်မည့် အားကစားနည်းအများစုမှာ လက်ရည်စစ်ပွဲနှင့် ခြေစစ်ပွဲအောင်မြင်သည့်အသင်း သို့မဟုတ် တစ်ဦးချင်းသာ ယှဉ်ပြိုင်ခွင့်ရခဲ့သော်လည်း နိုင်ငံတကာအိုလံပစ်ကော်မတီအနေဖြင့် အဖွဲ့ဝင်နိုင်ငံအားလုံး ပါဝင်ယှဉ်ပြိုင်စေရန် သတ်မှတ်ထားသောကြောင့် အချို့အားကစားနည်းများတွင် တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

အဖွဲ့ဝင်နိုင်ငံများအနေဖြင့် သက်ဆိုင်ရာအိုလံပစ်ကော်မတီမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်လိုသည့်အားကစားနည်းများကို တင်ပြရပြီး ယင်းအားကစားနည်းများမှ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့်အားကစားနည်းများကို **စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❂**





# အီတလီအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့သော်လည်း ဝေးလ်အသင်း ယူရိုပြိုင်ပွဲရဲ့ ၁၆ သင်းအဆင့် တက်လှမ်း

ယူရို ၂၀၂၀ ပြိုင်ပွဲအုပ်စု(A)ရဲ့ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်တဲ့ အီတလီအသင်းနဲ့ ဝေးလ်အသင်းတို့ ပွဲစဉ်ကို ဇွန် ၂၀ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အီတလီအသင်းက ဝေးလ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဝေးလ်အသင်းဟာ အီတလီအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ပေမယ့် အုပ်စုအဆင့်သုံးပွဲမှာ ရမှတ်လေးမှတ်ရရှိပြီး ယူရိုပြိုင်ပွဲရဲ့ ၁၆ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။ အီတလီအသင်းကလည်း အုပ်စု(A)မှာ အုပ်စုအဆင့်ပွဲစဉ်သုံးပွဲစလုံးအနိုင်ရရှိခဲ့တာကြောင့် ရမှတ်ကိုးမှတ်နဲ့ ယူရိုပြိုင်ပွဲရဲ့ ၁၆ သင်းအဆင့်ကို တက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။

အီတလီအသင်းနဲ့ ဝေးလ်အသင်းတို့ ပွဲစဉ်မှာ အီတလီအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲကစားချိန် ၃၉ မိနစ်မှာ ပက်ဆီနာက သွင်းယူပေးခဲ့တာဖြစ်ပြီး ဝေးလ်အသင်းဟာ အီတလီအသင်းကို ရှုံးနိမ့်ခဲ့တဲ့အပြင် ပွဲကစားချိန် ၅၅ မိနစ်မှာ အမ်ပါဒူး **စာမျက်နှာ ၂၃ ကော်လံ ၃ သို့ ❍**

# မင်းဘူး(စကု)မြို့နယ်မှတောင်သူများ စိုက်ပျိုးရေးအပြင် နွားမွေးမြူရေးလုပ်ငန်းကိုပါ တွဲဖက်လုပ်ကိုင်လာ

**မင်းဘူး ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ကြာကန်ကျေးရွာမှ တောင်သူများသည် လယ်ယာလုပ်ငန်းအပြင် နွားမွေးမြူရေးလုပ်ငန်းကိုပါ တွဲဖက်လုပ်ကိုင်လာကြကြောင်း ကြာကန်ကျေးရွာ နွားမွေးမြူရေးလုပ်ကိုင်သူများထံမှ သိရသည်။

တောင်သူများ ကောက်ပဲသီးနှံများစိုက်ပျိုးရာတွင် မိုးလေဝသမှန်ကန်မှုမရှိခြင်းကြောင့် မိသားစုစားဝတ်နေရေးကုစားနိုင်ရန်အတွက် စိုက်ပျိုးရေးအပြင် နွားမွေးမြူရေးလုပ်ငန်းကိုပါ တွဲဖက်လုပ်ကိုင်လာခြင်းဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်းမှ ပြည်ပသို့ ကျွဲ၊ နွားတင်ပို့ခွင့်ပါမစ်ရကုမ္ပဏီလေးခုရှိနေသည့်အတွက် ဈေးကွက်အခိုင်အမာရှိ၍ တောင်သူများအနေဖြင့် ကျွဲ၊ နွားများ ပိုမိုမွေးမြူကြမည်ဆိုပါက စီးပွားရေးအဆင်ပြေမည်ဟု နွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တောင်သူများက ယူဆကြကြောင်း၊ နွားများမှာ သက်တမ်းနှင့် နွားချော၊ နွားလှအပေါ်မူတည်၍ ကျပ်ငါးသိန်းမှ ကျပ်သိန်း ၂၀ ဈေးရှိကြောင်း၊ နွားမများမှာလည်း တစ်နှစ်လျှင် တစ်သားနှုန်းပေါက်သည့်အပြင် နွားမ **စာမျက်နှာ ၂၃ ကော်လံ ၅ သို့ ✻**




## ကြေးမုံ ယနေ့ ဖတ်စရာ

**ဇွန် ၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၅၉၅ ဦး တွေ့ရှိ**

စာမျက်နှာ » ၁၀





**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်းကို အကြမ်းဖက်သူ နှစ်ဦးက မီးရှို့ဖျက်ဆီး**

စာမျက်နှာ » ၁၅

**တောင်သူအကျိုး ဝင်ငွေတိုးဖို့ တိရစ္ဆာန်အစာပင် စိုက်ပျိုးစို့**

စာမျက်နှာ » ၁၆